ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (24-5-2012)(၇၁၃၀)

## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ဂုရှာရန်ခါ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော်　　မေ　　၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်

**နေပြည်တော်　　မေ　　၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။**(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။**
(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်

**နေပြည်တော်　　မေ　　၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

### ယ နေ့ သ တ င် း အ ညွှ န် း

❛ လျှပ်စစ်မီးရရှိရေးအတွက် လက်ရှိ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားပေးစက်များအပြင် ဓာတ်အားပေးစက်အသစ်များ ထပ်မံဝယ်ယူဖြည့်တင်း၍ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိ ... အမေရိကန်နှင့် စင်ကာပူနိုင်ငံတို့မှ မှာယူထားသည့် မီးစက်များ အမြန်ရောက်ရှိရေး ဆောင်ရွက်လျက်ရှိ ...❜

ပြည်တွင်းသတင်း စာမျက်နှာ - ၇

ကြေးမုံစာတည်းရှုထောင့် ၂၄-၅-၂၀၁၂[ကြာသပတေးနေ့]။

# ငါးဆယ် / ငါးဆယ်

ငါးဆယ်-ငါးဆယ် ဆိုသည်မှာ ရာခိုင်နှုန်းအချိုး သတ်မှတ်ချက်ဖြစ်သည်။ အခြားတစ်နည်းဆိုရလျှင် တွက်ချက်မှုနည်းဥပဒေသဟုလည်း ခေါ်ဆိုသည်။ အမှန် ၅၀/အမှား ၅၀ ဟုလည်း လူသိများသည်။

လူမှုလောကအဖုံဖုံဖြစ်သည့် သင်္ချာနယ်ပယ်၊ သိပ္ပံပညာနယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်၊ စာရင်းအင်းနယ်ပယ်၊ ရည်မှန်းချက်နယ်ပယ်၊ ပြဿနာတစ်ရပ်ကို အဖြေရှာထုတ်မှုနယ်ပယ်၊ စာရိတ္တနယ်ပယ်မှသည် အချစ်ရေးနယ်ပယ်အဆုံး အမှား ၅၀ အမှန် ၅၀ ရာခိုင်နှုန်းခန့်မှန်းတွက်ချက်မှု ဥပဒေသတစ်ရပ်ဖြစ်သည်။

တွက်ချက်မှုအမျိုးမျိုးရှိသည့်အနက် ၅၀/၅၀ တွက်ချက်မှုနှုန်းမှာ စာရိတ္တနယ်ပယ်တွင်ပါဝင်သည့် လူမှုဘဝအတွက် သတိပြုသင့်သော တွက်ချက်မှုနှုန်းဖြစ်သည်။ ပညာရပ်နယ်ပယ်နှင့် အခြားနယ်ပယ်အသီးသီးတို့၏ တွက်ချက်မှုနှုန်းများမှာ မိမိအသိဉာဏ် ဦးနှောက်ဖြင့် ချင့်ချိန်နိုင်သော်လည်း မိမိတို့၏လူမှုဝန်းကျင် အကျင့်စာရိတ္တနယ်ပယ်ရှိ ဥပဒေသ ၅၀/၅၀ မှာမူ တစ်ဦးတစ်ယောက်ကဖန်တီးထားသည့် ကြောက်မက်ဖွယ်ကောင်းသော ၅၀/၅၀ အကျင့်စရိုက်တစ်မျိုးဖြစ်သည်။

အဆိုပါ ၅၀/၅၀ သည် လူမှုဆက်ဆံရေးတွင် အန္တရာယ်ရှိသကဲ့သို့ ယနေ့လူငယ်လူရွယ်တို့၏ အချစ်ရေး အချစ်ရာ ကိစ္စရပ်များတွင် ထိုနည်းဖြင့် အသုံးပြုခြင်းခံလိုက်ရပါက ထိုလူငယ်လူရွယ်များဘဝအနာဂတ်အတွက် ရင်လေးစရာဖြစ်သည်။ စာရိတ္တနယ်ပယ်တွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

ထိုနည်းလမ်းဖြင့် ကျင့်သုံးခံလိုက်ရမှုများကို ယနေ့အင်တာနက်စာမျက်နှာများတွင် တွေ့ရသည်။ ထိုနည်းလမ်းကို လူကိုယ်တိုင်အသုံးပြုသည့်အပြင် အင်တာနက်ဖြင့်လည်း အသုံးချသည်။ ထို့ကြောင့်အင်တာနက်သည် လူငယ်များ အသိပညာမြင့်မားရေးအတွက် ၅၀၊ စာရိတ္တပျက်ပြားရေးအတွက် ၅၀ ဖြစ်လာသည်။

အင်တာနက်သည် အသုံးပြုသူအတွက် အန္တရာယ်မရှိသဖြင့် လွတ်လပ်စွာလုပ်ကိုင်လာနိုင်သည်။ ကောင်းသောအမှုကိစ္စများကိုပြုကြသကဲ့သို့ မကောင်းသောအမှုများကိုလည်းပြုကြသည်။ အသိပညာနယ်ပယ်အတွက် ကျယ်ဝန်းလှသော်လည်း စာရိတ္တနယ်ပယ်အတွက် ထိခိုက်မှုများစွာကိုတွေ့လာရသည်။ လူငယ်လူရွယ်များတွင် ချက်တင်ဟုသည့် အပြန်အလှန်ဆက်သွယ်မှုမှာ ခေတ်စားလာသဖြင့် သမီးငယ်များအတွက်ရင်လေးလှသည်။

ထိုနည်းလမ်းတွင် ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်နိုင်သည်တို့ ပါဝင်လာသည်။ အင်တာနက်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်မှုပြုတတ်သည်။ ဥပဒေတွင် ပစ္စည်းဥစ္စာဖြစ်လျှင် ဥပဒေကြောင်းအရ အရေးယူနိုင်သော်လည်း လူမှုဆက်ဆံရေးနယ်ပယ်၌ ကာယကံရှင်ကျေနပ်သည့်နည်းကို သုံးထားသဖြင့် မည်သို့မျှဟန့်တားနိုင်ခြင်းမရှိဘဲ အချိန်လွန်မှသာ မျက်ရည်စက်လက်ဖြစ်ကြရသည်။ ယုံကြည်လွယ်သည့်အားနည်းချက်ကို အခွင့်ကောင်းယူတတ်သူတို့သည် စာရိတ္တနယ်ပယ်၊ အချစ်ရေးနယ်ပယ်တို့တွင် ထိုးဖောက်ဝင်ရောက်တတ်ကြသည်။

လူသည် ကာမဂုဏ်သားများဖြစ်ကြသည်။ သိမ်းသွင်းခံရပြီးလျှင် အရှက်ကြောင့် ဆိတ်ဆိတ်နေလိုက်ကြသည်။ ထိုအချက်ကိုသိသဖြင့် စိတ်ဓာတ်ခွန်အားနည်းပါးသူ၊ လူမှုဘဝအခက်အခဲကြုံတွေ့နေသူတို့ကို ထိုနည်းဖြင့် အကျိုးတူအဖော်အသင်း ဖွဲ့တတ်ကြသည်။ ထိုအချက်ကို ယနေ့လူငယ်လူရွယ်များ သတိပြုသင့်သည်။

လောကဓမ္မအလိုအရ မိမိပြုသောမကောင်းမှုကံသည် တစ်နေ့တွင် မိမိပင်ပြန်၍ခံရမည်ဖြစ်သော်လည်း အကုသိုလ်အိုးမပြည့်သေး၍ လက်ရှိတွင် မခံရသေးသောကြောင့် ထိုအမှုတို့ကို ဆက်လက်ပြုလုပ်နေကြဆဲဖြစ်သည်။ ၅၀/၅၀ သောသဘောတရားသည် ပြုသူရော၊ ခံရသူပါ မသိသာညီမျှနေသော်လည်း ခံရသူသည် ယခုဘဝတွင်အလွန်နစ်နာလှသည်။ ထို့ကြောင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိဝန်းကျင်ရှိသူများကိုသော်လည်းကောင်း မသိမသာအသုံးချခံနေရသည့် အဖြစ်မျိုးမရောက်အောင် ဝိုင်းဝန်းထိန်းသိမ်းဖို့လိုသည်။

ယနေ့လူမှုဘဝ ဂလိုဘယ်လိုက်ဇေးရှင်းစီးကြောင်းသည် ၅၀/၅၀ အကောင်းအဆိုးဒွန်တွဲလျက်ရှိသည်။ ထိုအချက်ကို ယနေ့အမျိုးကောင်းသားသမီးများ၊ မိခင်ဖခင်အုပ်ထိန်းသူများက မျက်ခြည်မပြတ်သတိချပ်၍ အနာဂတ်ပန်းကောင်းလေးများ မညှိုးနွမ်းစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသင့်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Johannes Andries Boer သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ နံနက် ၉ နာရီကလည်း ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sunshine Kaidi New Energy Group Company Limited မှ Mr. Du Shixin ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ပြုန်းတီးနေသော သစ်တောမြေများ၌ သစ်တောစိုက်ခင်းများ တည်ထောင်ပြီး ဇီဝလောင်စာများနှင့် သဘာဝမြေဩဇာများ ထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။(သတင်းစဉ်)

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sunshine Kaidi New Energy Group Company Limited မှ Mr. Du Shixin ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၄-၅-၂၀၁၂ (ကြာသပတေးနေ့)**

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၄၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"အမေ့အပြုံး"
(အပိုင်း-၆)
၆း၃၀ ထူးဆန်းထွေလာ
မျက်လှည့်ပညာ
၆း၄၅ ကာတွန်းအစီအစဉ်
"အာကာသ
သူရဲကောင်းလေးများ"
(အပိုင်း-၁)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"ကြယ်စင်နိမိတ်နှင့်**
**သက်ကယ်ဓား"**
**(အပိုင်း-၁)**
၈း၀၀ မြဝတီ
ရုပ်မြင်သံကြားသတင်း
-အနုပညာရှင်၏တစ်နေ့တာ
-ကုန်သွယ်သုတ
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"အရိုက်အရာ"**
**(အပိုင်း-၁၆)**
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"သမုဒယနှောင်ကြိုး"**
**(အပိုင်း-၃၁)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မင်္ဂလာဒုံစက်မှုဇုန်၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးစိုးတင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်စီမံခန့်ခွဲရေးရုံး၌ စက်မှုဇုန်စီမံခန့်ခွဲရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်မှုဇုန် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စက်မှုဇုန်မြေကွက်များ ဖော်ထုတ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသောမူများအတိုင်း ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ Asia Optical မှန်ဘီလူးစက်ရုံ၌ စက်ရုံမှ ထုတ်လုပ်ထားရှိသော မှန်ဘီလူးများအား လည်းကောင်း၊ သုဝဏ္ဏမြို့ ကမာကြည်လမ်း၌ အိမ်ရာတည်ဆောက်မည့် မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရွှေသစ္စာလမ်း (၁၃) ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဦးအောင်သန်း- ဒေါ်တင်တင်အေး မိသားစုက မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံစဉ်။**

(သတင်းစဉ်)

## ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် (သက်တမ်းတိုး) လာရောက်တိုးမြှင့်နိုင်

**နေပြည်တော် မေ ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနသည် သတ်မှတ်လုပ်ငန်းလိုင်စင်သက်တမ်းထက် သုံးနှစ်ကျော်လွန်နေသည့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များကို ပယ်ဖျက်သွားမည်ဖြစ်၍ လိုင်စင်သက်တမ်း ကျော်လွန်လျက်ရှိသည့် ဧည့်လမ်းညွှန်များအနေဖြင့် မိမိတို့၏လုပ်ငန်းလိုင်စင်များကို ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာရုံးခွဲများ၌ သက်တမ်းတိုးတင်ပြ လျှောက်ထားရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလိုင်စင်များအား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကွန်ပျူတာ ရက်တိုသင်တန်း သင်တန်းဆင်း

**ရန်ကုန် မေ ၂၃**

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသော အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအတွက် ကွန်ပျူတာရက်တိုသင်တန်း ICT Development သင်တန်း အမှတ်စဉ်(၃/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ) ဦးမျိုးမြင့်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၃ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၃၉. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၅၁၀၀ | ၀. ၀၃၁၇၄ |
| တရုတ် (ယွမ်) | ၆. ၃၂၈၆၃ | ၀. ၁၅၈၀၁ |
| အိန္ဒိယ (ရူပီး) | ၅၆. ၀၀၀၀ | ၀. ၀၁၇၈၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၇၄၈ | ၀. ၃၁၇၇၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၅၉၀ | ၀. ၇၈၃၇၆ |
| ဂျပန် (ယန်း) | ၇၉. ၄၈၁၄ | ၀. ၀၁၂၅၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၂. ၉၂ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၈၈၅၉ | ၁. ၂၆၈၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၅၆၀ | ၁. ၅၇၃၃၁ |

အင်တာနက်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ပုလဲမြို့နယ် ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းအလှူတော်မင်္ဂလာသို့ တက်ရောက်ကြည်ညို

**ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းအလှူတော်မင်္ဂလာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဧည့်ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

(သတင်းစဉ်)

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အခက်အခဲရှိသည့် ကျေးလက်ပြည်သူများ၏ ကလေးငယ်များအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နိုင်စေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း မိသားစုတို့က စီစဉ်လှူဒါန်းသည့် ရှင်(၁၀၈)ပါး ရှင်ပြုပွဲနှင့် သာမဏေအဖြစ် သာသနာ့ဘောင်သို့သွတ်သွင်းခြင်း အလှူတော်မင်္ဂလာကို မေ ၂၂ ရက် နံနက်ပိုင်းတွင် ပုလဲမြို့ ပါရမီရပ် သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပုလဲမြို့နယ်အတွင်းမှ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များ၊ ရှင်သာမဏေများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရေစက်ချတရားတော်နာမင်္ဂလာအား ဆက်လက်ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုလဲမြို့နယ် ကံပေါက်ကျေးရွာ နိဗ္ဗာန်ဆိပ်ဦးဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ နာယူကြည်ညိုကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိသုတထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ရှင်သာမဏေများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ကျင်းပသည့် ရှင် ၁၀၈ ပါး ရှင်ပြုပွဲနှင့် ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အစီအစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းမှ ပုလဲ(တောင်)ရပ်ကွက်၊ ပုလဲ(မြောက်)ရပ်ကွက်၊ လက်ပုကန်၊ အလယ်ဘုံ၊ အင်မထီး၊ တနယ်၊ သေတ္တာရာ၊ မြကုန်း၊ လဲကန်၊ မင်းတိုင်ပင်၊ ရွာသာ(လိန်ကုန်း)၊ အိုင်းမ၊ ကံပေါက်၊ ညောင်ကုန်း၊ ငှက်ပျောတော(တောင်)၊ ကြိုးကြာဥ၊ သဲတောစသည့်ကျေးရွာတို့မှ မိမိ အစီအစဉ်ဖြင့် ရှင်သာမဏေပြုရန် အခက်အခဲရှိကြသည့် ပြည်သူများ၏ သားငယ်စုစုပေါင်း ၁၀၈ ဦးအား ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း၊ ရှင်ပြုအလှူမင်္ဂလာကိုလည်း ရှေးထုံးမလေ့ အစဉ်အလာအတိုင်း ရှင်လောင်းလှည့်လည် ဘုရားကန်တော့၊ နတ်ပြခြင်း၊ ဧည့်ခံဖျော်ဖြေခြင်း၊ အရုဏ်ဆွမ်းများ ဆက်ကပ်လောင်းလှူခြင်း၊ ဧည့်ပရိသတ်ပြည်သူများအား ဧည့်ခံကျွေးမွေးခြင်း၊ ရှင်လောင်းများဆံချ၊ သင်္ကန်းတောင်း၊ ရှင်သာမဏေအဖြစ်ခံယူခြင်းအစီအစဉ်တို့ကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြကြောင်းနှင့် ရှင်သာမဏေများ၏ မိဘများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုလျက်ရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



# ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ခလောက်တစ်ရာကျေးရွာအုပ်စု အေးမြသာယာကျေးရွာသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၃

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွမ်းခြံကုန်းမြို့နယ် ခလောက်တစ်ရာကျေးရွာအုပ်စု အေးမြသာယာကျေးရွာသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရအပြီးတွင် ကွမ်းခြံကုန်းမြို့နယ်အတွင်း လယ်စောင့်တဲ၊ ကွင်းထဲဒေသများမှ အသက်ရှင်ကျန်ရစ်သူများသည် ခလောက်တစ်ရာကျေးရွာအုပ်စုအတွင်းရှိ စားကျက်မြေအတွင်း ကျူးကျော်အိမ်ရာများအဖြစ် ဆောက်လုပ်နေထိုင်ခဲ့ကြကြောင်း၊ ယင်းအိမ်ထောင်စုများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေနှင့်သန့်ရှင်းမှုရှိရေး၊ မီးဘေးအန္တရာယ်စသည့် အခက်အခဲများအားဖြေရှင်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် UN-HABITAT (ကုလသမဂ္ဂမြို့ရွာအိုးအိမ်ဖွံ့ဖြိုးမှုအစီအစဉ်)နှင့် ADRA Myanmar ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့တို့က နေအိမ် ၄၃၁ လုံးကို တည်ဆောက်လှူဒါန်းခဲ့ကြောင်း၊ ၁၇-၁-၂၀၁၂ ရက်မှစ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် နေအိမ်အားလုံး တည်ဆောက်ပြီးစီးပြီဖြစ်၍ ကျေးရွာသစ်အား ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ နေအိမ်များနှင့်အတူ သောက်သုံးရေရရှိရေးအတွက် UN-HABITAT က ရေတွင်း ရှစ်တွင်းတူးဖော်ခြင်း၊ သောက်ရေကန်တူးဖော်ခြင်း၊ သန့်ရှင်းမှုနှင့် ကူးစက်ရောဂါများ ကာကွယ်နိုင်ရန် ADRA Myanmar အဖွဲ့က မီးဖိုဆောင် ၄၀၀ တို့အား ဆောက်လုပ်လှူဒါန်းပေးခဲ့သည့်အတွက် ကျေးရွာနေပြည်သူလူထုအား ပြည့်စုံအောင်ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ System engineering Co., Ltd. က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုစီမံချက်အရ ကျေးရွာမီးလင်းရေး၊ ရေရရှိရေး၊ စာကြည့်တိုက်ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး၊ မူလတန်းကျောင်း၊ မူကြိုကျောင်းနှင့် နေ့ကလေးထိန်းကျောင်းများ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး၊ ရေသန့်စက် လှူဒါန်းရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး၊ တစ်အုပ်တစ်မ အရိပ်ရပင်များစိုက်ပျိုးရေး၊ ကျေးရွာလူထုအား အသေးစားချေးငွေများ ထုတ်ချေးပေးရေး၊ ဒေသအခြေအနေနှင့် ကိုက်ညီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေးအတွက် မတည်ဆောင်ရွက်ပေးရန်စသည့်ကိစ္စရပ်များ ပူးပေါင်းလှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီးပင်စားပင်များအား စနစ်တကျ စိုက်ပျိုး၍ ဝင်ငွေတိုးအောင် ကြိုးစားလုပ်ဆောင်ရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အစီအမံများအား လေးစားလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက အမှာစကား ပြောကြားပြီး UN-HABITAT (ကုလသမဂ္ဂမြို့ရွာအိုးအိမ်ဖွံ့ဖြိုးမှုအစီအစဉ်) မြန်မာနိုင်ငံတာဝန်ခံ မစ္စတာ စရနီဗာဆာပါပူရီ၊ ADRA Myanmar ဖွံ့ဖြိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံ ဦးဇန်စွမ်းမုန်တို့က အေးမြသာယာကျေးရွာတွင် နေအိမ်များ ဆောက်လုပ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ System engineering Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်စိုးက အေးမြသာယာကျေးရွာသစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦးက ကျေးရွာသစ် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အေးမြသာယာကျေးရွာသို့ ဆောက်လုပ်လှူဒါန်းပြီးစီးခဲ့သော နေအိမ်များအား UN-HABITAT နှင့် ADRA Myanmar မှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းအပ်နှံရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ နေအိမ်များ၊ နေအိမ်များနေထိုင်ခွင့်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းထံ လွှဲပြောင်းပေးအပ်ကာ ဒေသခံပြည်သူ ဦးလှဌေးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောက်လုပ်ပြီးစီးသည့် လူနေအိမ်ရာများ၊ အိမ်ရာအတွင်းသီးနှံစိုက်ပျိုးထားရှိမှုများနှင့် ကျေးရွာပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် အေးမြသာယာကျေးရွာသစ် ရွာလယ်လမ်းဘေး၌ အရိပ်ရသစ်ပင်များကို စုပေါင်းစိုက်ပျိုးကြပြီး အေးမြသာယာကျေးရွာဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးခဲ့ကြသည်။

ယနေ့ ကျေးရွာသစ်ဖွင့်ပွဲအခမ်းအနားတွင် UN-HABITAT က နေအိမ် ၁၃၁ လုံး၊ အိမ်သာ ၄၃၁ လုံး၊ ရေတွင်း ရှစ်လုံး၊ ရေတံလျှောက် ၁၃၁ လုံးနှင့် အိမ်သာသုံးကျောက်စည် ၄၃၁ လုံး၊ ADRA Myanmar က နေအိမ် ၃၀၀ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကွမ်းခြံကုန်းမြို့နယ် အေးမြသာယာကျေးရွာသစ်တွင် ဆောက်လုပ်ပြီးစီးသည့် လူနေအိမ်ရာများ၊ အိမ်ရာအတွင်း သီးနှံစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ပြည်သူတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်ပြောင်းလဲတိုးတက်မည့် အစီအမံများဆောင်ရွက်

နေပြည်တော် မေ ၂၃

**မန္တလေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ် (၆၆)လမ်းနှင့် (၂၆)လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ တိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်နိုင်အောင် အစီအစဉ်များရေးဆွဲနိုင်ရေးအတွက် ယနေ့အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဒုတိယအဆင့်အဖြစ် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် ထိရောက်သော ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း၊ ဒေသအလိုက် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုသော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့်လည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို အစီအမံများရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ရာတွင် ပြည်သူတို့၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုမှအစ ထိထိရောက်ရောက် ပြောင်းလဲတိုးတက်မည့်အစီအမံများကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့လိုအပ်ရာ နိုင်ငံတကာ အကူအညီ၊ အထောက်အပံ့နှင့်ချေးငွေများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများရရှိလာပါက အကျိုးရှိအောင် ထိရောက်သော အစီအမံများဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယနေ့ လူတစ်ဦးချင်း နေ့စဉ် ကြုံတွေ့ခံစားနေရသည့် လူမှုစီးပွားရေး လိုအပ်ချက်များကို အဆင်ပြေချောမွေ့အောင် ဖြည့်ဆည်းနိုင်ရေး၊ ဆင်းရဲမှုနှုန်းလျော့ကျရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုဂ္ဂလိက၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း ဌာနတွင်း၌ရှိသော ပကတိအခြေအနေကို ထည့်သွင်းဆွေးနွေးကြပြီး လိုအပ်ချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် အကျိုးရှိလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)



# အီရန်နျူစက်ရုံများအား အိုင်အေအီးအေ၏ စစ်ဆေးရေးမှူးများ စစ်ဆေးခွင့်ရမည်

ဘဂ္ဂဒက် မေ ၂၃

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအား နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) စစ်ဆေးရေးမှူးများကို ဝင်ရောက်စစ်ဆေးခွင့်ပြုရန် ယင်းနိုင်ငံက မူအားဖြင့် သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားစက်ရုံများကို ကုလသမဂ္ဂစစ်ဆေးရေးမှူးများ ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုမည်ဖြစ်ကြောင်း အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုက ပြောကြားသည်။ အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ယင်းနိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ မေ ၂၃ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဆွေးနွေးခဲ့ကြသည်။

ဘဂ္ဂဒက်၌ နိုင်ငံတကာဆွေးနွေးပွဲ ကျင်းပရန် ရှိနေစဉ် အီရန်နိုင်ငံနှင့် အိုင်အေအီးအေအကြီးအကဲတို့ မေ ၂၁ ရက်က မြို့တော်တီဟီရန်၌ ဆွေးနွေးခဲ့ရာတွင် အီရန်နျူကလီးယား စေ့စပ်ဆွေးနွေးရေးမှူး ဆာအိဂျာလီလီက အထက်ပါအတိုင်း သဘောတူခြင်းဖြစ်သည်။ **အင်တာနက်။**

# အရှေ့တောင်အာရှ၌ သုံးစွဲနေသော ငှက်ဖျားတိုက်ဖျက်ရေးဆေးဝါး သုံးပုံတစ်ပုံမှာ အတုများဖြစ်နေ

လန်ဒန် မေ ၂၃

သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ အရှေ့တောင်အာရှဒေသ၌ သုံးစွဲနေသော ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆေးဝါးအမျိုးအစား သုံးပုံတစ်ပုံမှာ အတုအပများ ဖြစ်နေသည်ကို တွေ့ရှိရကြောင်း ဆေးပညာရှင်များက မေ ၂၂ ရက်တွင် သတိပေး ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံခုနစ်နိုင်ငံ၌ သုံးစွဲနေသော ငှက်ဖျားတိုက်ဖျက်ရေးဆေးဝါး အတန်းအစား ငါးခုမှ ဆေးဝါးနမူနာ ၁၄၃၇ မျိုးကို သိပ္ပံပညာရှင်များက လေ့လာခဲ့ရာ ၃၆ ရာခိုင်နှုန်းမှာ ဆေးဝါးအတုများဖြစ်နေပြီး ၃၀ ရာခိုင်နှုန်းမှာ ဆေးဝါး အရည်အသွေးမပြည့်မီကြောင်း တွေ့ရှိခဲ့ရသည်။

အလားတူ အာဖရိကတိုက် ဆပ်ဆာဟာရဒေသမှ နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် အသုံးပြုလျက်ရှိသော ငှက်ဖျားတိုက်ဖျက်ရေးဆေးဝါးအတန်းအစားခြောက်မျိုးမှ နမူနာ ၂၅၀၀ ကျော်ကို လေ့လာကြည့်ရာ ၂၀ ရာခိုင်နှုန်းမှာ ထုတ်လုပ်မှုနည်းစနစ် မှန်ကန်ခြင်းမရှိဘဲ ၃၅ ရာခိုင်နှုန်းမှာ ဆေးဝါး အရည်အသွေးမပြည့်မီကြောင်း တွေ့ရှိခဲ့ရသည်။

ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အဆိုအရ ၂၀၁၀ ခုနှစ်အတွင်း ငှက်ဖျား ရောဂါကြောင့် သေဆုံးရသူကမ္ဘာ့ပြည်သူပေါင်း ၆၅၅၀၀၀ ရှိခဲ့ရာ ယင်းရောဂါအား အမြစ်ဖြတ်တိုက်ဖျက်ရာ၌ စံမမီဆေးဝါးများ ပေါ်ထွက်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်နေကြောင်း သိရသည်။

အတုအပထုတ်လုပ်ထားသော သို့မဟုတ် စံမမီထုတ်လုပ်ထားသော ဆေးဝါးအများအပြားမှာ ငှက်ဖျားရောဂါကုသရေးအတွက် အထိရောက်ဆုံးဆေးဝါးများအဖြစ် သတ်မှတ်ထားသည့် အာတီမီစင် (Artemisin) ဆေးဝါးများဖြစ်သည်။ **အင်တာနက်။**

# ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်ကို နေတိုးက စတင်ဖြန့်ကြက်ချိန် တိုက်ချင်းပစ်ဒုံးပျံအမျိုးအစားသစ် ရုရှားက အောင်မြင်စွာစမ်းသပ်

မော်စကို မေ ၂၃

**မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) က လက်ရှိဖြန့်ကြက်လျက်ရှိသော ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထိုးဖောက်နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည့် တိုက်ချင်းပစ်ဒုံးပျံအမျိုးအစားသစ်အား ရုရှားနိုင်ငံက မေ ၂၃ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း သိရသည်။**



**ရုရှားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးပျံ စမ်းသပ်ပစ်လွှတ်မှုကို တွေ့ရစဉ်။**

ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်း ပထမအဆင့်ကို တရားဝင်ဖြန့်ကြက်ရန် နေတိုးအဖွဲ့က သဘောတူညီခဲ့ပြီးနောက် ရုရှားနိုင်ငံက ၎င်း၏ တိုက်ချင်းပစ်ဒုံးပျံသစ်အား စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ၏ နျူကလီးယားလက်နက် အရံအတားစနစ်အား ပစ်မှတ်ထားလာမည့်အရေးကို စိုးရိမ်ရသဖြင့် ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု ဦးဆောင်သော ဥရောပဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုအား အပြင်းအထန်ကန့်ကွက်လျက်ရှိသည်။

မေ ၂၃ ရက်တွင် စမ်းသပ်ပစ်ခတ်ခဲ့သော တိုက်ချင်းပစ်ဒုံးပျံသစ်သည် ကမ်ချက်ကာကျွန်းဆွယ်ဒေသ ကူရာ တိုက်ချင်းပစ်ဒုံးပျံ သက်ရောက်ဒေသရှိ ပစ်မှတ်ဧရိယာအတွင်း ကျရောက်ခဲ့ကြောင်း ရုရှားမဟာဗျူဟာ နျူကလီးယားတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ တိုက်ချင်းပစ်ဒုံးပျံသစ်ကို တရားဝင်အမည် မပေးရသေးသော်လည်း တိုပိုလ်-အမ်နှင့် ယာ့စ် တိုက်ချင်းပစ်ဒုံးပျံနည်းပညာများအား အဆင့်မြှင့်တင်တည်ဆောက်ထားသည့် ပဥ္စမမျိုးဆက်လက်နက်အဖြစ် ရုရှားစစ်ဘက်က သတ်မှတ်ထားသည်။ **အင်တာနက်။**



# ကမ္ဘာ့အမြင့်ဆုံးမျှော်စင် တိုကျို၌ ဖွင့်လှစ်

တိုကျို မေ ၂၃

ကမ္ဘာ့အမြင့်ဆုံးမျှော်စင်နှင့် ဂျပန်နိုင်ငံ၏ အထိမ်းအမှတ်သစ်တစ်ခုဖြစ်သည့် တိုကျိုမိုးမြင့်ပင်ယံမျှော်စင် (Tokyo Skytree)**(အပေါ်ပုံ)**ကို အများပြည်သူတို့အတွက် မေ ၂၂ ရက်တွင် ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။

မျှော်စင်ဖွင့်ပွဲနေ့တွင် ဧည့်သည် ၈၀၀၀ ခန့်သည် မြန်နှုန်းမြင့် ဓာတ်လှေကားများကို အသုံးပြုကာ အမြင့် ၆၃၄ မီတာ (၂၀၈၀ ပေ)ရှိသော ယင်းမျှော်စင်ပေါ်သို့ တက်ရောက်ကြမည်ဟု မျှော်လင့်ရသည်။

တိုကျိုမိုးမြင့်ပင်ယံမျှော်စင်သည် ဂင်းနက်စ် ကမ္ဘာ့စံချိန်မှတ်တမ်းအရ အမြင့်ဆုံးမျှော်စင်အဖြစ် ယုံကြည်ရဖွယ်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမြင့်မီတာ ၆၀၀ မြင့်သည့် ကန်တုံမျှော်စင်ကို ကျော်လွန်သွားပြီဖြစ်သည်။

ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံမှာ ဒူဘိုင်းမြို့ရှိ ကာလီဖာမျှော်စင်ဖြစ်ပြီး ယင်းမှာ အမြင့် ၈၂၈ မီတာ(၂၇၁၇ ပေ)ရှိသော်လည်း ၎င်းမှာ မိုးမျှော်အဆောက်အအုံသာဖြစ်ကာ မျှော်စင်အမျိုးအစား၌ ပါဝင်ခြင်းမရှိပေ။

တိုကျိုမိုးမြင့်ပင်ယံမျှော်စင်တွင် ရုပ်သံဌာနနှင့် ရေဒီယို အသံလွှင့်ဌာနများ ပါဝင်သည်။ **အင်တာနက်။**

# နယူးဇီလန်မြေအောက်၌ ငလျင်ပုန်းများလှုပ်ခတ်နေ

ခရစ်ချပ်ချ် မေ ၂၃

နယူးဇီလန်နိုင်ငံ၏ အကြီးမားဆုံး ပြတ်ရွေ့ကြောပေါ်တွင် မိနစ် ၃၀ ကျော်ကြာမြင့်ခဲ့သော မြေအောက်ငလျင်များ လှုပ်ခတ်မှုအား မှတ်တမ်းတင်နိုင်ခဲ့ရာ ယင်းနိုင်ငံ၏ ငလျင်ကြောဒေသသည် ယခင်က တွေးထင်ခဲ့သည်ထက်ပင် ပို၍ တည်ငြိမ်မှုမရှိကြောင်း မေ ၂၃ ရက်သတင်းများ၌ ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ၏ အဓိက ကျွန်းကြီးနှစ်ကျွန်းအနက် တစ်ကျွန်းဖြစ်သည့် ဆောက်သ်ကျွန်း (South island) မြေအောက်၌ အလျားလိုက်တည်ရှိနေသော အယ်လ်ပိုင်း ပြတ်ရွေ့ကြောတစ်နေရာတွင် မြေလွှာလှုပ်ရှားမှုကြီးများ မဖြစ်ပေါ်ရသည့် အကြောင်းရင်းကို စူးစမ်းလေ့လာနေစဉ် ငလျင်ပုန်း (Creeping Earthquakes) ဟုခေါ်သော မြေအောက်ငလျင်များအား သိပ္ပံပညာရှင်များက တိုင်းတာနိုင်ခဲ့သည်။

ကမ္ဘာ့မြေလွှာအောက်အနက် ၁၂ မိုင်မှ ၂၈ မိုင်အကြားတွင် ဖြစ်ပေါ်ခဲ့သော အဆိုပါငလျင်ပုန်းများသည် သာမန်ငလျင်များထက် လှုပ်ခတ်ချိန်ပိုကြာမြင့်သော်လည်း မြေပြင်ပေါ်၌ ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့ခြင်းမရှိကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက လှုပ်ခတ်ခဲ့သော ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ မြေငလျင်သည် မြေအောက်အနက် ငါးကီလိုမီတာခန့်တွင် ဗဟိုပြုပြီး ၃၇ စက္ကန့်မျှသာ ကြာမြင့်ခဲ့သော်လည်း ဆောက်သ်ကျွန်း၏ မြို့တော် ခရစ်ချပ်ချ်၌ လူပေါင်း ၁၈၅ ဦးသေဆုံးခဲ့ရသည်။

ငလျင်ပုန်းများကိုပုံမှန် မြေလွှာလှုပ်ရှားမှုစောင့်ကြည့်ရေး ကိရိယာများနှင့် တိုင်းထွာနိုင်စွမ်းမရှိသောကြောင့် သိပ္ပံပညာရှင်များသည် မြေအောက်အနက်မီတာ ၁၀၀ အထိ တွင်းတူး၍ အာရုံခံကိရိယာများ ထည့်သွင်းတိုင်းတာခဲ့ရသည်။

နယူးဇီလန်နိုင်ငံ၏ အန္တရာယ်အကြီးဆုံး ပြတ်ရွေ့ကြောအဖြစ် သတ်မှတ်ထားသည့် အယ်လ်ပိုင်းပြတ်ရွေ့ကြောသည် အဓိကငလျင်ကြီးများ လှုပ်ခတ်ခဲ့သည့် ကြားကာလများတွင် တည်ငြိမ်မှုမရှိခဲ့ဘဲ ရွေ့လျားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ **အင်တာနက်။**



**၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နယူးဇီလန်နိုင်ငံ၌ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ခရစ်ချပ်ချ်မြို့တွင် အပျက်အစီးများ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ရေပြင်ညစ်ညမ်းမှု ထောက်လှမ်းရေး စက်ရုပ်ငါးနည်းပညာကို စမ်းသပ်

လန်ဒန် မေ ၂၃

ပင်လယ်ပြင် ညစ်ညမ်းမှု စောင့်ကြည့်ရေးနည်းလမ်းများအား မြှင့်တင်ပေးရန်ကြိုးပမ်းသည့်အနေဖြင့် ဥရောပသိပ္ပံပညာရှင်များ တီထွင်တည်ဆောက်ထားသော စက်ရုပ်ငါး **(အပေါ်ပုံ)**ကို စပိန်နိုင်ငံမြောက်ပိုင်း ဂီဂျွန်ဆိပ်ကမ်း ပင်လယ်ရေပြင်၌ မေ ၂၂ ရက်တွင် စမ်းသပ်ခဲ့ကြောင်း သိရသည်။

ရေပြင်ညစ်ညမ်းမှုဖြစ်စဉ်တစ်ရပ်အား ထောက်လှမ်းရာတွင် ယခင်က ရက်သတ္တပတ်ပေါင်းများစွာ အချိန်ယူရသော်လည်း စက်ရုပ်ငါးနည်းပညာ အသုံးပြုခြင်းဖြင့် လိုအပ်သည့် အချိန်ကာလကို စက္ကန့်ပိုင်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းများ၊ ရေအရင်းအမြစ်ကုမ္ပဏီများ၊ အဏ္ဏဝါပြတိုက်များနှင့် ရေအရည်အသွေး စောင့်ကြည့်လေ့လာရေးကဏ္ဍ၌ စိတ်ပါဝင်စားသူများအား စက်ရုပ်ငါးနည်းပညာကို ရောင်းချနိုင်ရန်တီထွင် ထုတ်လုပ်သူများက မျှော်လင့်ထားသည်။

ကိုယ်ထည်အလျား ၁ ဒသမ ၅ မီတာ ရှိသည့် စက်ရုပ်ငါးကို သက်ရှိငါးများကဲ့သို့ ရေကူးခတ်နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားပြီး သင်္ဘောသို့မဟုတ် ရေအောက်ပိုက်လိုင်းများမှ ထွက်ပေါ်လာသော ညစ်ညမ်းမှုများအား ထောက်လှမ်းနိုင်ရေးအတွက် အာရုံခံနည်းပညာများ ထည့်သွင်းပေးထားသည်။

စက်ရုပ်ငါးများသည် အတားအဆီးများအား ရှောင်ကွင်းကူးခတ်နိုင်၍ တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်မှုပြုလုပ်နိုင်ကာ ၎င်းတို့ ရောက်ရှိနေသည့် နေရာအား မြေပုံညွှန်းထုတ်နိုင်ပြီး အခြေစိုက်စခန်းသို့ မည်သို့ပြန်လာရမည်ကိုလည်း သိရှိကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။ **အင်တာနက်။**

# အီတလီအရှေ့မြောက်ပိုင်း၌ ငလျင်ဆိုင်ရာ အရေးပေါ်အခြေအနေထုတ်ပြန်

ရောမ မေ ၂၃

အီတလီနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ မြေငလျင်လှုပ်ခဲ့ပြီးနောက် ယင်းဒေသ၌ အစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်း သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အီတလီနိုင်ငံ ဘိုလော့ညာ၊ မိုဒီနာနှင့် ဖာရာရာမြို့တို့၏ အနီးတစ်ဝိုက်ဒေသများ၌ ရက်ပေါင်း ၆၀ ကြာ အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာထားသည်။

မြေငလျင်ဒဏ်ကို ခံစားခဲ့ကြရသော ဒေသခံပြည်သူ ၅၀၀၀ ခန့်မှာ ယာယီခိုလှုံရေးစခန်း၌ နေထိုင်ကြရပြီး နောက်ဆက်တွဲ မြေငလျင်ငယ်များ ဖြစ်ပေါ်နိုင်မှုအတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။

မြေငလျင်ကြောင့် ပျက်စီးခဲ့ရသော နေအိမ်များနှင့် မိသားစုပိုင် စက်ရုံငယ်များကို ပြန်လည်တည်ဆောက်နိုင်ရန် အစိုးရက ယူရိုသန်း ၅၀ (အမေရိကန်ဒေါ်လာ ၆၃ သန်း) ထောက်ပံ့ရန် ကတိပြုထားသည်။

မေ ၂၀ ရက်က အင်အား ရစ်ချ်တာစကေး ၆ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး နေအိမ်များနှင့် သမိုင်းဝင်အဆောက်အအုံများ ပြိုလဲပျက်စီးခဲ့ရသည်။ ဝန်ကြီးချုပ် မာရီယိုမွန်တီသည် မြေငလျင်ဒဏ်ခံ မြို့ငယ်များသို့ မေ ၂၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ မြေငလျင်ကြီးအပြီး နောက်ဆက်တွဲ မြေငလျင်ငယ်များ အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ကြောင်း ဘူမိ-ရူပသိပ္ပံက ပြောကြားသည်။ **အင်တာနက်။**



**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၃

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ယင်းသို့တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံအနေဖြင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ အနောက်မြောက်ဘက်ဒေသ များဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတို့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ၊ အသေးစားရေအားလျှပ်စစ်နှင့် နေရောင်ခြည်သုံး စွမ်းအင်ဖြင့် လျှပ်စစ်မီးရရှိရေး စသည့် လူမှုစီးပွား အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်ကြာထောက်ပံ့ ပေးအပ်မည့် အမေရိကန်ဒေါ်လာ ၂၅ သန်း တန်ဖိုးရှိ စီမံကိန်း လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ အတည်ပြု လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် Preparatory Meeting For MOH-UNFPA Country Programme (2012-2015) ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# Preparatory Meeting For MOH- UNFPA Country Programme (2012-2015) ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၃

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်းဆောင်ရွက်သည့် Preparatory Meeting For MOH- UNFPA Country Programme (2012-2015) ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကောင်းကင်နန်းတော်ဟိုတယ် အင်းဝခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့သည် ၁၉၉၁ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ တတိယအကြိမ်မြောက်အဖြစ် (၂၀၁၂-၂၀၁၅) ကျန်းမာရေး လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သိရှိရကြောင်း။

ကျန်းမာရေးစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများ၊ ရည်မှန်းချက်များ၊ နည်းဗျူဟာများနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ကြောင်း၊ မိခင်သေနှုန်းလျှော့ချရေး၊ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီး မိခင်များအား အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်းလျှော့ချရေးလုပ်ငန်းများအား ထောင်စုနှစ်ကျန်းမာရေးရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel- Ahad က UNFPA Third Programme of Assistance ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်လှလှအေးက Programme Management, Coordination and M & E ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (မိခင်ကလေး) ဒေါက်တာသိဂီမြင့်က Overview of RH Programme ကို လည်းကောင်း၊ စီမံချက်အရာရှိ ဒေါက်တာနီနီခိုင်က Overview of HIV Programme ကို လည်းကောင်း၊ Operations Manager က LOU and Accountability (Financial rules and regulations, FACE, NEX Audit)ကို လည်းကောင်း၊ ဒေါက်တာသွယ်သွယ်ဝင်းက Work Plan Monitoring Toolကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး FACE From procedures, Reporting and Liquidation, procurement procedures များအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စင်ကာပူနိုင်ငံအခြေစိုက် Keppel Group ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စင်ကာပူနိုင်ငံအခြေစိုက် Keppel Group ဥက္ကဋ္ဌ Mr. Lee Bong Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံ၌ ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သိုလှောင်မှုလုပ်ငန်း၊ မြို့ပြ တည်ဆောက်ရေးလုပ်ငန်း၊ ပင်လယ်ထွက် အစားအစာများ၊ အအေးခန်းစက်ရုံတည်ဆောက်ခြင်း၊ သင်္ဘောများ တည်ဆောက်ခြင်းအစရှိသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး၌ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် Logistic Supply China Network နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် မြို့ကြီးများတွင် Logistic Station များတည်ဆောက်နိုင်ရန် အပါအဝင် Master Plan ရေးဆွဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရှိ ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းများလည်း တည်ဆောက်လျက်ရှိပြီး ထိုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့သည်။

Keppel Group သည် မြန်မာနိုင်ငံနှင့် ၁၉၉၃ ခုနှစ်မှ စတင်၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဆီဒိုးနားဟိုတယ်လုပ်ငန်းများ လုပ်ကိုင်နေသော အုပ်စုတစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝန်း နိုင်ငံ ၃၀ ကျော်တွင် ဝန်ထမ်းပေါင်း ၃၇၀၀၀ ကျော်ဖြင့် ကမ်းလွန်ရေနံတူးဖော်ခြင်း၊ သင်္ဘောကျင်းလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ Counsellor TRAN PHUOC ANH နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား ဗီယက်နမ်သံရုံးမှ Counsellor တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ Counsellor TRAN PHUOC ANH နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ဘဏ်များနှင့် ဗီယက်နမ်နိုင်ငံ ဘဏ်များအကြား ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများနှင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရတနာစည်ပုလဲရတု

### ရတုအဓိပ္ပာယ်

"ရတု"ကို မြန်မာအဘိဓာန်က အဓိပ္ပာယ်လေးမျိုး ဖွင့်ဆိုရာတွင် တစ်မျိုးမှာ "ဆိုင်ရာ ရာသီဥတု၌ ကျင်းပသည့် ပွဲလမ်းသဘင်"ဟု ဖြစ်၏။ ယနေ့ကာလသော်မူ လူပုဂ္ဂိုလ်၊အသင်းအဖွဲ့၊ အဆောက်အအုံစသည်တို့၏ မွေးနေ့ (သို့မဟုတ်)စဦးရက်၊ လ၊ ရာသီကိုအကြောင်းပြုကာ ကျင်းပသည့် ပွဲသဘင်များ၌ ရတုဟူသော ဝေါဟာရကို အသုံးပြုလာကြပြီး (၂၅)နှစ် ငွေရတု၊ နှစ်(၅၀) ရွှေရတု၊ (၇၅)နှစ် စိန်ရတု စသည်ဖြင့် ရတနာနှင့်ရတု တွဲစုသည့် ဝေါဟာရများ ပြန့်ပွားလာခဲ့ပါသည်။

### ငွေရွှေစိန်

ယင်းဝေါဟာရများကို တစ်နည်းတစ်ဖုံစဉ်းစားလျှင် အရွယ်ဖြင့် ပိုင်းခြားထားသကဲ့သို့ တွေးမြင်ရ၏။ ပထမအရွယ်သည် ငွေ၊ ဒုတိယအရွယ်သည် ရွှေ၊ တတိယအရွယ်သည် စိန်ဟု ဖြစ်ပါမည်။ ငွေသည် လူသားအားလုံး အနည်းနှင့်အများ ပိုင်ဆိုင်သည့်အရာဖြစ်သလို ပထမအရွယ်(၂၅)နှစ်အတွင်း လူသားအားလုံး "ပထမအရွယ်-ပညာ"ဆိုထုံးအတိုင်း အနည်းနှင့်အများ ပညာရှာနေကြရပါမည်။ ဒုတိယအရွယ်အသက်(၅၀)အတွင်း လူသားအားလုံး "ဒုတိယအရွယ်-ဥစ္စာ" ဆိုထုံးအတိုင်း ပစ္စည်းဥစ္စာရှာနေကြရပါမည်။ တတိယအရွယ်အသက်(၇၅)နှစ်သော်ကား "တတိယအရွယ်-ဘာဝနာ" ဆိုထုံးအတိုင်း တရားဘာဝနာ ရှာဖွေကြရပါတော့သည်။

ထို့ကြောင့် ပညာသည် အရင်းခံ၊ ဥစ္စာသည် တစ်ဆင့်ခံ၊ ဘာဝနာသည် အနှစ်အမှန်ဟု မှတ်သားကျင့်ပွားနိုင်ကြရပါတော့သည်။

### ပုလဲ ပတ္တမြား

ယင်းအပြင် နှစ်(၃၀)ပြည့်လျှင် ပုလဲရတု၊ နှစ်(၆၀)ပြည့်လျှင် ပတ္တမြားရတုဟူ၍လည်း ကျင်းပလေ့ရှိကြပြန်ရာ ဤအရှင်တို့ စဦးတည်ထောင်ခဲ့သည့် ရတနာစည်စာသင်တိုက်တိုက်တည်သက် နှစ်(၃၀)ပြည့် ပုလဲရတုကိုလည်း ယခု ကဆုန်လနှောင်းပိုင်းတွင် ကျင်းပရမည့်အနေအထား ရောက်ရှိလာပါတော့သည်။

### ဖြတ်သန်းကာလများ

ဒေသန္တရဗဟုသုတခရီးအဖြစ် ရှမ်း(တောင်) လွိုင်လင်မြို့သို့ ခေတ္တရောက်ရှိခိုက်မှာပင် ကျောင်းတစ်ဆောင်တည်ထောင်ကာ ပရိယတ္တိသာသနာအကျိုးကို မဖြစ်မနေ သယ်ပိုးရမည့်အနေအထားရောက်ရှိလာပြီး အရပ်ဘက် မူလကျောင်းဒါယကာများနှင့်အတူ စေတနာရှင်များ၏ အားပေးပံ့ပိုးမှုများဖြင့် ရတနာစည်ကျောင်းဟု နာမသစ်မှည့်ခေါ်အပ်သော ကျောင်းသစ်တစ်ကျောင်းသည် ၁၉၈၂ ခုနှစ်တွင် စတင်မျိုးစေ့ကျပေါက်ဖွားခဲ့ရပြီ။

ထိုကာလ၊ ထိုအချိန်၊ ထိုခေတ်တွင် အထင်သာ၊ အမြင်သာဆုံးသော ပုံရိပ်ကြီးကား လွိုင်လင်တစ်ခွင်သာမက ရှမ်းပြည်နယ်တစ်ခုလုံး၌ပါ လက်နက်ကိုင်ပဋိပက္ခများ၏ ရုပ်သွင်များပင်ဖြစ်ခဲ့၏။ ယင်းရုပ်သွင်များ၏ ခြောက်လှန့်မှုအရသောကတွေ နေဆယ်စင်း ရင်တွင်းလောင်ကျွမ်းခံရသူများကတော့ ဒေသခံပြည်သူများသာဖြစ်ခဲ့ပြီ။ ထို့ကြောင့်ပင် ထိုစဉ်ကတည်းက ဒေသခံပြည်သူတို့၏ ဆန္ဒအစစ်အမှန်သည် ငြိမ်းချမ်းရေးမှ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှတစ်ပါး အခြားဘာမျှမလိုအပ်ဟု ဖြစ်ခဲ့ပြီ။

ယင်းသို့သော ဒေသခံပြည်သူတို့၏ဆန္ဒကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနိုင်သူများကား မည်သူဟူ၍ ကမ္ပည်းတင်စရာမလိုတော့ပါ။ ၁၉၉၀ ပြည့်လွန်သက္ကရာဇ်များက စကားပြောပြီးဖြစ်ခဲ့ပါပြီ။

ဤသို့ဤပုံ ၁၉၉၀ ပြည့်လွန်ကာလများကတည်းက စတင်ငုံဖူးခဲ့သည့် ငြိမ်းချမ်းရေးပန်းသည် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီခေတ်ဦးကာလတွင်သော်မူ ငုံရာမှ ဖူး၊ ဖူးရာမှ ပွင့်၊ ပွင့်ရာမှ ဝင့်ဝဲပြီး မြင့်မြဲသည့် ထာဝရငြိမ်းချမ်းရေးရနံ့ကို ဖြန့်နိုင်သော အနေအထားရောက်ရှိလာ၏။

### သာသနာရေးရာများ

သာသနာရေးရာများလည်း ခေတ်ကာလအခြေအနေများနှင့်အတူ ပိုမို၍သန့်ရှင်းတည်တံ့ပြန့်ပွားလာကာ ရတနာစည်ကျောင်းသည်လည်း ကျောင်းမှကျောင်းတိုက်သို့၊ ကျောင်းတိုက်မှစာသင်တိုက်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာနိုင်ခဲ့၏။

### လွယ်လွယ်လေးတော့မဟုတ်ပါ

ဤသို့ဆိုသောကြောင့် စာသင်တိုက်တစ်တိုက် လွယ်လွယ်လေးဖြစ်လာတာပါလားဟုကား အထင်မပေါ့စေလိုပါ။ ဤအရှင်တို့နှင့် အခြားအခြားသော ဆရာတော်အများအပြားတို့ပါ သူ့အခက်အခဲနှင့်သူ ရှိကြသည်ချည်း၊ ဖြတ်ကျော်ခဲ့ရသည်ချည်းသာဖြစ်ပါသည်။

သာသနာရေးရာ ကျောင်း၊ ကျောင်းတိုက်၊ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပရဟိတကျောင်း၊ သီလရှင်သင်ပညာရေးကျောင်းစသည်များ အားလုံး ခရီးသွားဟန်လွဲလွယ်လွယ်လေး၊ ပေါ့ပေါ့လေး ဖြစ်တည်လာသည်ဟူ၍တော့ နတ္ထိ၊ မရှိပါ။

### လောကရေးရာ

သာသနာရေးရာ၌ပင် ယင်းသို့သောအခြေအနေမျိုးဖြစ်တည်နေသေးလျှင် လောကရေးရာများသော်မူ အထူးပြောဖွယ်မရှိတော့ပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည်လည်း အစိုးရအလျောက်၊ လွှတ်တော်များသည်လည်း လွှတ်တော်များအလျောက်၊ တပ်မတော်သည်လည်း တပ်မတော်အလျောက်၊ ပါတီများသည်လည်း ပါတီများအလျောက်၊ အဖွဲ့အစည်းများသည်လည်း အဖွဲ့အစည်းများအလျောက်၊ ပြည်သူများသည်လည်း ပြည်သူများအလျောက် လွယ်လွယ်လေးတွေတော့ မဟုတ်ကြတန်ရာ။ သူ့ဒေးသူ့ကွယ် ကုန်သည်လယ်လုပ် ဓားမခုတ်များပါမကျန် အသီးသီး အသကအသက အခက်အခဲတွေကို ကျော်ကြ၊ လွှားကြ၊ ဖြတ်သွားကြရသည်ချည်းသာ ဖြစ်ပါသည်။

**ရတနာစည်ဆရာတော်(လွိုင်လင်)**

### ကိုယ်ချင်းစာ တံတား

သာသနာရေး၊ လောကရေး အရေးရေးအရာရာဝယ် "ကိုယ်ချင်းစာ"ဟူသော သဘောတရားတစ်ခုသည် တံတားသဖွယ် ဖြစ်တည်နေ၏။ ယင်းကိုယ်ချင်းစာတံတားသည် "သူနှင့်ကိုယ်"ဟူသော နှစ်ဦးနှစ်ဖက်လုံး ဖြတ်သန်းရင်း မျက်နှာချင်းဆိုင်ဆုံရမည့် ဆုံစည်းရာဆုံမှတ်ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက်လုံး ကိုယ်ချင်းစာတရား ရှေးရှုထားကြလျက်သာ ဆုံမှတ်မှာ ဆုံစည်းရင်း အခက်အခဲ၊ အကျပ်အတည်းများကို ကျော်လွှားကြရပါမည်။

ကိုယ်၊ ကိုယ့်ဘက်၊ ကိုယ့်အမြင်ကိုသာ တွင်တွင်ကြီးဆုပ်ကိုင်မထားမူဘဲ သူ၊ သူ့ဘက်၊ သူ့အမြင်ကို သူ့ကိုယ်စားခံစားတတ်သည့် ကိုယ်ချင်းစာတံတားတစ်စင်း တည်ဆောက်ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် အထုံးသည် ပြေ၍ အဖုသည် ညီသွားကာ ချောမွေ့ရလဒ်ဖြစ်ထွန်းလာမည် ဧကန်ဖြစ်ပါသည်။

### ချောမွေ့ရလဒ်

ယနေ့ကာလဝယ် နိုင်ငံတော်အစိုးရနှင့် ပါတီများအနေဖြင့် မတူတာတွေ ဘေးဖယ်ထား၊ တူတာတွေမှာ အတူကြိုးစားရင်း ကိုယ်ချင်းစာတံတားဆုံမှတ်ဝယ် ယုံမှတ်ကြည်သာနိုင်ကြ၍ နိုင်ငံရေးတည်ငြိမ်မှု ရရှိပြီးဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ထိုနည်းလည်းကောင်းပင် ငြိမ်းချမ်းရေးပွင့်လန်းမှု ရရှိနေခြင်း စသည့် ရလဒ်များသည် ဒီမိုကရေစီခရီးဦးအတွက် ချောမွေ့ရလဒ်များ ပင်ဖြစ်တော့သည်။

သာသနာရေး၊ လောကရေး အရေးရေးအရာရာတို့၌ ကိုယ်ချင်းစာတရားဖြင့်သာ လက်တွဲနေကြရပါမည်။

### နက်ရှိုင်းအင်အား

ကိုယ်ချင်းစာတရားဟူသည် တကယ်တော့ "ခန္တီ မေတ္တာ ဗလေန စ" ပါဠိအရ သည်းခံစိတ်ရှည်ခြင်းနှင့် ခင်မင်ရင်းနှီးခြင်း၏ နက်ရှိုင်းအင်အားပင်ဖြစ်ပါသည်။ ယင်းနက်ရှိုင်းအင်အားကို ကျင့်သုံးနိုင်လေလေ အရာရာအောင်မြင်လေလေဟူသည့် လောကနိယာမတစ်ရပ်က ထာဝရတည်ရှိနေသည် မဟုတ်လော။ သူ 'တော်' အောင် ကိုယ်က 'ကောင်း' ပေးနိုင်လျှင် သူတော်ကောင်းဟူသည့် လူတော်၊ လူကောင်းတွေပြည့်နေသော ကမ္ဘာကြီးပေါ်ထွန်းလာပြီး ကိုယ့်ဘက်၊ သူ့ဘက် ကိုယ်ချင်းစာတရားတွေ လွှမ်းခြုံလည်ပတ်နေကာ သည်းခံစိတ်ရှည်ခြင်းနှင့် ခင်မင်ရင်းနှီးခြင်းဆွဲငင်အားတို့ဖြင့် အလှဆုံးကမ္ဘာအဖြစ်သို့တိုင် ရောက်ရှိနိုင်သော နက်ရှိုင်းအင်အားဖြစ်ပါသည်။

### ပုလဲရတု ကောင်းမှုမင်္ဂလာ

စာသင်တိုက်စတည်သက် နှစ်(၃၀)ပြည့်အထိ ဖြတ်သန်းကာလများတစ်လျှောက် ခန္တီမေတ္တာအင်အားကို အတတ်နိုင်ဆုံး ကြိုးစားရယူရင်း ဆရာဟောင်း၊ ဆရာသစ်၊ တပည့်ဟောင်း၊ တပည့်သစ်၊ ဒကာဟောင်း၊ ဒကာသစ်များ ပေါင်းစည်းအားအရ ဖြူဆွတ်သောပုလဲရတုကောင်းမှုမင်္ဂလာသဘင်ဆင်ယင်ကျင်းပနိုင်သော အနေအထား ရောက်ရှိလာပါပြီ။

ပထမရက်တွင် လွိုင်လင်မြို့ပေါ် ကျောင်း၊ ကျောင်းတိုက်များရှိ ရဟန်းသာမဏေ အပါး ၃၀၀ ကျော်တို့အားလည်းကောင်း၊ ဒုတိယရက်တွင် မိုးနဲ၊ နမ့်စန်၊ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီးမြို့နယ်များမှ ပင့်ကျောင်းဆရာတော် အပါး ၃၀ နှင့် ကျောင်းတွင်းရဟန်းသာမဏေများအားလည်းကောင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလျက် လျောက်ပတ်သော လှူဖွယ်များ၊ အနာမာသမျှားဆက်ကပ်ကာ တတိယရက်မှာမူ ဆရာဟောင်းဖြစ်ပါသော နိုင်ငံတော်ဩဝါဒါစရိယ လားရှိုးမြို့ မဟာဗောဓာရုံဆရာတော်ကြီး၊ သာသနာပြုဖက်ဖြစ်ပါသော နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် လွိုင်လင်မြို့ ဓာတ်တော်ဆရာတော်စသည့် ဆရာတော်အပါး ၃၀ တို့အား ပုနောပသမ္ပဒမင်္ဂလာခေါ် ကံထပ်ကောင်းမှုဖြင့် ပူဇော်၍ တစ်ပါးလျှင် အလှူတော်ငွေကျပ် သုံးသိန်း လှူဒါန်းပြီး မြို့နယ်၊ ခရိုင် နိုင်ငံတစ်ဝန်း အေးချမ်းပါစေကြောင်း ရေစက်လောင်းရင်း စုပေါင်းကုသလ မြတ်ပုညကို အမျှပေးဝေနိုင်ကြပါပြီ။

### ပုလဲရတုအနှစ်

သို့ဖြင့် ပုလဲရတုခရီး အပိုင်းအစလေးများ၏ အနှစ်အသားအဖြစ် ဆောင်ပါးအပ်နှင်းလိုသော ရှောင်ရန်ဆောင်ရန်မှာ အောက်ပါဆောင်ပုဒ်ဖြစ်ပါသတည်း။

ဒေါသရှေ့ထား မှား
မာနရှေ့တက် ပျက်
လုံ့လရှေ့ဆောင် အောင်
ပညာရှေ့ရုံ မှန်

---

**ပညာရေးဝန်ကြီးဌာန**
**ကျောင်းအပ်နှံရေးသီတင်းပတ်**
**မေလ (၂၅) ရက်မှ (၃၁) ရက်ထိ**

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**

---

## အီတလီ ဆရာဝန်ကြီးနှင့်အဖွဲ့ ခွဲစိတ်ကုသပေးလျက်ရှိ

**စစ်ကိုင်း မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အီတလီနိုင်ငံမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာရော်ဘင်ချန်းအဖွဲ့နှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ မေ ၂ ရက် မှ ၃၁ ရက်အထိ သည်းခြေအိတ် ကျောက်တည်ခြင်းရောဂါကို ဝမ်းဗိုက်တွင်းခွဲစိတ်မှန်ပြောင်းစက်ဖြင့် ကုသပေးခြင်း၊ လည်ပင်းကြီးရောဂါ၊ အူကျရောဂါများအား ခွဲစိတ်ကုသပေးလျက်ရှိရာ ဖုန်း ၀၉-၆၄၆၃၆၉၉ သို့ဆက်သွယ်၍ ရက်ချိန်းယူစုံစမ်းနိုင်ကြောင်း သိရသည်။

(၆၅၃)

---

## ကျောင်းအပ်စို့

မှတ်သုံမိုးတို့ ရွာချေပြီ
ဂျိုးဂျိုးဂျိမ့်ဂျိမ့်မြည်၊
ဖူးပွင့်ဝေစည် ပန်းစုံမွှေး
ကျေးငှက်သံချိုအေး။
ယုယပိုက်ထွေး ချစ်အားပို
မိတိုင်းဖတိုင်းဆို၊
ထူးချွန်စေလို စိတ်ဓာတ်မွေး
ရှေ့ဆောင်လမ်းပြပေး။
မိမိရင်သွေး ချစ်စဖွယ်
ပညာသင်ဖို့ကွယ်၊
ကျောင်းနေအရွယ် ကျောင်းနေဖို့
ကျောင်းသွားအပ်ကြစို့ ။ ။

**သောင်းကိုကို**

---

## ယာဉ်လုပ်သား ၁၀၀ ကျော်ကို မွမ်းမံသင်တန်းပေးမည်

**ရန်ကုန် မေ ၂၃**

လာမည့် မေ ၂၅ ရက်တွင် ယာဉ်လုပ်သား ၁၂၀ ကို မွမ်းမံသင်တန်းများဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းသင်တန်းမှာ မွမ်းမံသင်တန်း အမှတ်စဉ်(၅)အဖြစ် ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း မေ ၂၃ ရက်တွင် မထသ (ဗဟို)၌ ကျင်းပသော မီဒီယာတွေ့ဆုံပွဲမှ သတင်းရရှိသည်။

အဆိုပါ မထသ (ဗဟို)အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ယာဉ်လုပ်သားများ၏ အသိစိတ်ဓာတ် တိုးတက်မြင့်မားရေးလုပ်ငန်းကျွမ်းကျင်မှု အထောက်အကူပြုရေးစသည်တို့အတွက် ပညာပေးသည့် အခန်းကဏ္ဍကိုလည်း ဦးစားပေးကာ ဆောင်ရွက်လျက်ရှိကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့် မေ ၁၃ ရက်တွင်လည်း ယာဉ်လုပ်သားများ အခြေခံသင်တန်း အမှတ်စဉ်(၇/၂၀၁၂)ကို ယာဉ်လုပ်သား ၁၀၅ ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့သည်ဟု သိရသည်။

ထိုသို့ ယာဉ်လုပ်သားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာယာဉ်လိုင်း အဖွဲ့အစည်းများအလိုက် ပညာပေးဆွေးနွေးမှုများကို ဆောင်ရွက်နေသည့်အပြင် ယာဉ်လိုင်းအသီးသီးမှ ယာဉ်လုပ်သားများကို မထသ(ဗဟို)က စုစည်း၍ပညာပေးဆွေးနွေးမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပို့ချဆွေးနွေးမှုမှာ တစ်ရက်သာဖြစ်သော်လည်း ၎င်းတို့အတွက် အခြေခံစိတ်သဘောထားဆိုင်ရာ သိသင့်သည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိခြင်းကြောင့် အန္တရာယ်ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ယာဉ်လုပ်သားများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ပြင်ပဌာနများမှ တာဝန်ရှိသူများကလည်း သဘာဝဓာတ်ငွေ့အကြောင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လိုက်နာမှုအတွက် ဆောင်ရန်၊ရှောင်ရန်အချက်များကို ဆွေးနွေးပို့ချပေးကြကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

---

## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်နှင့် မကွေးတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကရင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ဂန့်ဂေါမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ ကလေးဝမြို့နှင့် ကလေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက်မရောမြို့တွင် ၆ ဒသမ ၂၉ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၃၄ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

# ရခိုင်ပြည်နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၃

**ရခိုင်ပြည်နယ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂) ဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အခမ်းအနား၌ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အား ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံသားတို့၏ လူမှုဘဝပြည့်စုံစေရေးတို့ကို အမျိုးသားကျန်းမာရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့်အပြင် ပိုမိုပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် National Five Year Strategic plant for water supply, Sanitation & Hygiene (2012-2017) ကို အသေးစိတ် ရေးဆွဲစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ သန့်ရှင်းရေးလွှမ်းခြုံမှုအခြေအနေမှာ (၂၀၁၅)ခုနှစ်တွင် ဖြည့်ဆည်းပေးရမည့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ Millennium Development Goals လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ပြည်သူလူထုအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု(၂၀၁၂) လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရွှေလီ-မန်စံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၇)နှင့် (၂၀၈)တို့အား ကေအိုင်အေ လက်နက်ကိုင်အဖွဲ့က မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် ဓာတ်အားလျော့နည်း ပြတ်တောက်ခဲ့ကြောင်း သိရှိရသည်။

လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည် ပို့လွှတ်နိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြုပြင်ခြင်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မေ ၂၂ ရက်တွင် အရာထမ်းဝန်ထမ်း ၁၀ ဦး၊ အမှုထမ်းဝန်ထမ်း ၁၀၈ ဦးတို့ဖြင့် တာဝါတိုင်အမှတ် (၂၀၆)နှင့် (၂၀၇)တို့အား ပြန်လည်ပြုပြင်ခဲ့ရာ တာဝါတိုင်သို့ ချဉ်းကပ်လမ်းဖောက်ခြင်း၊ ကြိုးထိန်းရန် Stay ကျင်းတူးခြင်း၊ Earth Wire ကြိုးနှစ်ချောင်း မြေပြင်တွင် ဖမ်းထိန်းခြင်း၊ တိုင်ပေါင်းမှ ACSR ကြိုးနှင့် Earth Wire ကြိုးပြုတ်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ထို့ပြင် တာဝါတိုင်အမှတ်(၂၀၆)အား တာဝါတိုင်ဖျက်ခြင်းလုပ်ငန်း ၁၀ ရာခိုင်နှုန်း၊ တာဝါတိုင်ဖောင်ဒေးရှင်း မြေတူးခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ တာဝါတိုင်အမှတ်(၂၀၇)အား တာဝါတိုင်ဖျက်ခြင်းလုပ်ငန်း ၁၀ ရာခိုင်နှုန်း၊ တာဝါတိုင် ဖောင်ဒေးရှင်းဟောင်း ဖျက်သိမ်းခြင်းနှင့် မြေတူးခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်း စုစုပေါင်း လုပ်ငန်းပြီးစီးမှု ၁၀ ရာခိုင်နှုန်းအား မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကြားမှ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တာဝါတိုင်အမှတ်(၇၃)အားလည်း အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အများပြည်သူ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားပေးစက်များ ဖြည့်တင်း၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ

**လျှပ်စစ်မီးရရှိရေးအတွက် ထပ်မံဝယ်ယူ ဖြည့်တင်းထားသည့် ဓာတ်အားပေးစက် အသစ်များ ရွှေ့ပြောင်းသယ်ယူနေစဉ်။**

(သတင်းစဉ်)



**နေပြည်တော် မေ ၂၃**

နွေရာသီ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းနေချိန်၌ ဓာတ်အားပြတ်တောက်မှုများသည့် နေရာများတွင် အများပြည်သူများ သောက်သုံးရေရရှိရေးနှင့် ညဘက်မီးရရှိရေးတို့အတွက် လက်ရှိ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားပေးစက်များအပြင် ဓာတ်အားပေးစက်အသစ်များ ထပ်မံဝယ်ယူဖြည့်တင်း၍ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်မြို့တွင် ၅၀၀ ကေဗွီအေ လေးလုံး၊ ၃၅၀ ကေဗွီအေ တစ်လုံး၊ ၃၄၀ ကေဗွီအေ နှစ်လုံး၊ ၃၁၅ ကေဗွီအေ တစ်လုံး၊ ၂၅၀ ကေဗွီအေ တစ်လုံးနှင့် ၁၅၀ ကေဗွီအေ နှစ်လုံး စုစုပေါင်း ဓာတ်အားပေးစက် ၁၁ လုံးဖြင့် လျှပ်စစ်ဓာတ်အား ၃၈၉၅ ကေဗွီအေကို လည်းကောင်း၊ မန္တလေးမြို့တွင် ၅၀၀ ကေဗွီအေ လေးလုံး၊ ၃၁၅ ကေဗွီအေ တစ်လုံး၊ ၃၀၀ ကေဗွီအေ ၁၀ လုံး၊ ၂၅၀ ကေဗွီအေ နှစ်လုံး၊ ၂၀၀ ကေဗွီအေ နှစ်လုံးနှင့် ၁၀၀ ကေဗွီအေ တစ်လုံး စုစုပေါင်း ဓာတ်အားပေးစက် အလုံး၂၀ ဖြင့် လျှပ်စစ်ဓာတ်အား ၆၃၁၅ ကေဗွီအေကို လည်းကောင်း၊ ပြည်မြို့တွင် ၅၀၀ ကေဗွီအေ တစ်လုံး၊ ၁၀၀ ကေဗွီအေ နှစ်လုံး၊ ၂၀ ကေဗွီအေ တစ်လုံးနှင့် ၁၅ ကေဗွီအေ တစ်လုံး စုစုပေါင်း ဓာတ်အားပေးစက် ငါးလုံးဖြင့် လျှပ်စစ်ဓာတ်အား ၇၃၅ ကေဗွီအေကို လည်းကောင်း၊ မုံရွာမြို့တွင် ၁၀၀ ကေဗွီအေ ဓာတ်အားပေးစက် နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ၂၀၀ ကေဗွီအေကို လည်းကောင်း တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် အမေရိကန်နိုင်ငံ Caterpillar Co.,Ltd. မှ 2 MW မီးစက်ခြောက်လုံးကိုလည်း လေယာဉ်ဖြင့် တင်ပို့ရန် စီစဉ်လျက်ရှိရာ တစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး ရောက်ရှိပါက လျှပ်စစ်ဓာတ်အားလိုအပ်သောနေရာများသို့ ဆက်လက်ပေးပို့၍ ဓာတ်အားဖြန့်ဖြူးပေးပို့သွားမည်ဖြစ်သည်။

၎င်းပြင် စင်ကာပူနိုင်ငံမှ မှာယူထားသော 1MW ဒီဇယ်ဓာတ်အားပေးစက် ခြောက်လုံးကို တစ်ပတ်အတွင်း မြန်မာနိုင်ငံအရောက် ပို့ပေးနိုင်ရေးနှင့် General Electric Co.,Ltd. မှ ဝယ်ယူသည့် ၂၅ မဂ္ဂါဝပ် Gas Turbine နှစ်လုံးကို အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၄-၅-၂၀၁၂ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၀ ၂။ "ကျန်းမာသန့်ထွား ဉာဏ်မြင့်မား"
- ၈း၄၀ ၃။ International News

**ညပိုင်း**

- ၄း၄၅ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
- ၅း၁၅ ၂။ "တောင်သူဘဝဆတိုး အကျိုးခံစားစပ်မျိုးစပါး" (အပိုင်း-၁)
- ၅း၃၅ ၃။ ရောင်စုံရေးသီတေးပန်းချီ
- ၆း၂၀ ၄။ ပျော်ရွှင်စေသော နေ့ရက်များ "နှလုံးသားမှချစ်ပန်းချီ" (အပိုင်း-၉) (ကျော်ကျော်ပို၊ ရတနာဖြူဖြူအောင်) [ဒါရိုက်တာ-အောင်ကျော်သူရ]
- ၇း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ"** (အပိုင်း-၇)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၇)**
- ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"** (အပိုင်း-၅၈)

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Automobile Engineering Technical Division က ကြီးမှူးကျင်းပသော ဟောပြောပွဲကို မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေ လှိုင်မြို့နယ်ရှိ မြန်မာ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်ပြီး စာတမ်းရှင် Mr. Paolo Tubetti (R & D Applications Manager, LALDIRENZO Spa) က Seminar on Innovative LPG / CNG Engine Control Application on Automobile Engines ကို ဟောပြောဆွေးနွေးမည်ဖြစ်သဖြင့် အသင်းဝင်များ၊ မျိုးဆက်သစ် အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၀၁-၅၁၉၈၅၄၊ ၅၁၉၆၇၃-၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဥတုရာသီ တောကိုမိုး၏

# ရမည်းသင်းမြို့နယ်အတွင်း တောင်သူများ စိုက်ပျိုးရေရရှိ၍ မြေပဲနှင့် ပဲတီစိမ်းစိုက်

၂၀၁၂ ခုနှစ် ဧပြီလ နောက်ဆုံးပတ်နှင့် မေလ ဒုတိယပတ်အတွင်း ရွာသွန်းခဲ့သော မိုးကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေရရှိကြ၍ မြေပဲနှင့်ပဲတီစိမ်းတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။**(အောက်ပုံ)**

မိုးရွာသွန်းမှုနှင့် အချိန်ကိုအသုံးချကာ တောင်သူများမှာ မိမိတို့စိုက်ပျိုးကြမည့် လယ်ယာမြေများတွင် အမှိုက်များ စုစည်း၍ မီးရှို့ခြင်း၊ ထယ်ထိုးခြင်း၊ သဘာဝမြေဩဇာချခြင်း၊ ထွန်ယက်မြေပြင်ခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားကြပြီး ယင်းသို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းကြောင့် မိုးရွာသွန်း၍ စိုက်ပျိုးရေရရှိသောအခါတွင် လွယ်လင့်တကူ စိုက်ပျိုးနိုင်သည်ဟု သိရသည်။

မိုးရွာသွန်းမှုများသော ဒေသများရှိ မြေယာများတွင် ကြိုတင်ပြင်ဆင်ထားသော လယ်ယာမြေများ၌ မြေပဲနှင့် ပဲတီစိမ်းကို အဓိကထား၍ စိုက်ပျိုးကြသည်ဟု သိရသည်။ မိုးရွာသွန်းမှု နည်းသေးသော ဒေသများရှိ လယ်ယာမြေများတွင် အချိန်အခါလိုက် စိုက်ပျိုးနိုင်သော သီးနှံများအတွက် ထယ်ရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကာ မိုးရွာသွန်းမည့်ရက်ကို ထပ်မံ၍ မျှော်နေကြသည်ဟု သိရသည်။ (၆၅၄)



# အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ နားသံကျေးရွာအုပ်စု ပချားကလိုးကျေးရွာ၌ ကျင်းပ

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စု ပချားကလိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ပံ့ပိုးကူညီမှုဖြင့် ဂျပန်နိုင်ငံ အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဦးခွန်မောင်ပယ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးယုလွင်၊ နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ) အဖွဲ့မှ ကွင်းဆင်းအရာရှိ ဒေါ်အေးအေးသန့်၊ ပြည်နယ်ပညာရေးမှူး(စစ်ဆေး) ဦးထူးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းကျော်ညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဦးခွန်မောင်ပယ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးယုလွင်၊ ပြည်နယ်ပညာရေးမှူး(စစ်ဆေး) ဦးထူးမြင့်နှင့် နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့မှ ကွင်းဆင်းအရာရှိ ဒေါ်အေးအေးသန့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် နိပ္ပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့မှ ကွင်းဆင်းအရာရှိ ဒေါ်အေးအေးသန့်တို့က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်း၊ မှတ်တမ်းများကို ပြည်နယ်ပညာရေးမှူး(စစ်ဆေး)ထံ ပေးအပ်ကြပြီး ဂျပန်နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ဒေသဖွံ့ဖြိုးရေးဝင်ငွေတိုးရန်အတွက် မတည်ငွေကျပ် ၄၅ သိန်းကို ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် ပေ (၉၀ × ၃၀) တစ်ထပ် သွပ်မိုး၊ အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး နိပ္ပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် ၅၂၉၀၆၄၂၉ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လယ်သမားများ၏ သီးနှံအမယ်အလိုက် ဝင်ငွေတိုးတက်ရရှိခံစားနိုင်မှသာ ကုန်ထုတ်စွမ်းအား၊ စိုက်လိုစွမ်းအား တိုးတက်၍ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မည်



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ဆည်ရေသောက်စနစ် အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နေပြည်တော် မေ ၂၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် တိုင်းဒေသကြီးနှင့်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စိုက်ပျိုးရေး၊ မြေစာရင်းနှင့် ဆည်မြောင်းဦးစီးဌာနမှူးများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ချောင်းမငယ်ရေလှောင်တမံစီမံကိန်း၏ မြောင်းလက်တံ(၁၁) DY-11 ကျောက်စီလိုင်နင် ဆောင်ရွက်ပြီးစီးမှုနှင့် တူးမြောင်းမကြီးမှ ဆည်ရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တစ်ရာသီပြီးတိုင်း တစ်ရာသီ ဝင်ငွေရရှိစေမည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးကို တောင်သူများ ဝင်ငွေနှစ်ဆတိုးစေရေး အစ-အလယ်-အဆုံး ကူညီဆောင်ရွက်ပေးရန် မှာကြားသည်။**

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ဆည်ရေသောက်စနစ် အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း စိုက်ခင်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးကဏ္ဍတိုးတက်ရန် ခေတ်ဟောင်းဆန်စက်များ ပြောင်းလဲရန် လိုအပ်ကြောင်း၊ ခေတ်ဟောင်း ကျောက်ကြိတ်စက် ရိုလာများသည် ဆန်အကျိုးအကြေများပြီး တင်း ၁၀၀ လျှင် ဆန် ၃၅ တင်းသာရ၍ ဆန်စပါး အထွက်ကျဆင်းရကြောင်း၊ ခေတ်မီ ဆန်စက်များ ပြောင်းခြင်းဖြင့် တင်း ၁၀၀ လျှင် ဆန်တင်း ၆၀ ထွက်ရှိကြောင်း၊ ဈေးကွက်ခိုင်မာရေးအတွက် ဆန်စက်များ မဖြစ်မနေပြောင်းလဲရန် မိမိတို့ ဝန်ကြီးဌာနက ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ ဈေးကွက်ခိုင်မာစွာရရှိရေး၊ နိုင်ငံတကာနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်စပါးအသင်းများကို မြို့နယ်အဆင့်ထိ ဖွဲ့စည်းပြီး တောင်သူများ၏ လိုအပ်ချက်ကို စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်း အတွင်းရေးမှူး ဧရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးရဲမင်းအောင်တို့က ပုလဲသွယ်စပ်မျိုးစပါးသည် Extra Long Grain ဖြစ်၍ နိုင်ငံခြားဈေးကွက်တွင် ဈေးကွက်ခိုင်မာစွာ ရရှိထားကြောင်း၊ ခေတ်မီဆန်စက်များဖြင့် ကြိတ်ခွဲ၍ နိုင်ငံခြားဈေးကွက်တင်ပို့နိုင်ရန် နေပြည်တော်၌ တစ်ရက်တန် ၂၄၀ ကျ ဆန်စက်ကြီး တည်ဆောက်၍ ပုလဲသွယ်စပ်မျိုးစပါးများ ဝယ်ယူလျက်ရှိကြောင်းဖြင့် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်သမားများ၏ သီးနှံအမယ်အလိုက် ဝင်ငွေတိုးတက်ရရှိခံစားနိုင်မှသာ ကုန်ထုတ်စွမ်းအား၊ စိုက်လိုစွမ်းအား တိုးတက်၍ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မည်ဖြစ်ကြောင်း၊ ကမ္ဘာတွင် လူဦးရေတိုးတက်များပြားလာနေမှုကြောင့် စားနပ်ရိက္ခာ လိုအပ်ချက်ကို နိုင်ငံတိုင်းမှ စိုးရိမ်နေရခြင်းအပေါ် အခွင့်အလမ်းတစ်ရပ်အနေဖြင့် အသုံးချပြီး နိုင်ငံတော်၏ လယ်ယာကဏ္ဍကို အချိန်တိုအတွင်း တွန်းတင်ရမည်မှာ လက်တွေ့ကျသော နည်းလမ်းဖြစ်ကြောင်း။

ချက်ချင်းလက်ငင်း အချိန်တိုကာလအတွင်း လူတစ်ဦးချင်း၏ ဝင်ငွေကို သာမက အမျိုးသားဝင်ငွေမြင့်မားစေမည့် တစ်ခုတည်းသော ထွက်ရပ်ပေါက်လမ်းကြောင်း ဖြစ်သည့်အတိုင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းရှင်များအပါအဝင် တောင်သူလယ်သမားများအနေဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းမှသည် ဈေးကွက်တင်ပို့ ရောင်းချသည်အထိ (From Seedling to Marketing) ကို အစ-အလယ်-အဆုံး ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် ကြိုးစားကြရန်လိုကြောင်းဖြင့် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ၆၅ ရက်သား သက်တမ်း၌ ပင်ပွားများ စုံညီစွာထွက်ရှိနေသည့် စပါးခင်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ငလိုက်ဆည်ရေသောက် လက်ဝဲမြောင်းလက်တံ ဆည်သောက်စနစ် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနောက်ရှိ မြန်မာ-တရုတ် ရွှေသံလွင်ကုမ္ပဏီနှင့် တရုတ်နိုင်ငံ C.E.T.C တို့၏ မျိုးစေ့ထုတ် စိုက်ကွင်း အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး F-1 ၂၁ မျိုးအား အထွက်နှုန်းနှင့် စားသုံးမှု အရည်အသွေး သုတေသနပြုမျိုးယှဉ်ပြိုင်စိုက်ခင်းသို့ ရောက်ရှိပြီး ၇၅ ရက်သား သက်တမ်းရှိ အောင်နှံများ စုံညီစွာဖြစ်ထွန်းနေသော သက်တမ်း ၁၀၀ ရက်သားရှိ သက်တမ်းတို ပုလဲသွယ်စပ်မျိုး မျိုးသစ်ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပုလဲသွယ်စပ်မျိုးစပါး အမလိုင်း ၈၅ ရက်သားနှင့် အဖိုလိုင်း ၈၀ ရက်သားတို့၏ ဝတ်မှုန်ကူး မျိုးစပ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ ဧရာဟသ်ာကုမ္ပဏီမှ တည်ဆောက်မည့် ဆန်စက်အစိတ်အပိုင်းများ ရောက်ရှိနေမှု၊ ပုလဲသွယ်စပါးများ သိုလှောင်ထားရှိမှုများနှင့် ရွှေသံလွင်ကုမ္ပဏီ၏ မျိုးစေ့အရောင်းပြခန်းကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းဆိုင်ရာအဖွဲ့အစည်း၊ တက္ကသိုလ်များသို့ လေ့လာရေးခရီးသွားရောက်ခဲ့

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ နန်နင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Jiang Ming Hong ဦးဆောင်သည့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)



ရန်ကုန် မေ ၂၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်မှ ၂၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်း၊ တက္ကသိုလ်များသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမြင့်ဆွေ လိုက်ပါလျက် မေ ၁၇ ရက် နံနက်ပိုင်းတွင် Yong Jiang Hotel Multifunctional Hall ၌ ကျင်းပသည့် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ် နှစ်(၆၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့များအား ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ် ပါတီအတွင်းရေးမှူးချုပ် Mr. Zhong Hai Qing ဦးဆောင်သည့် တက္ကသိုလ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နန်နင်းမြို့ရှိ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဦးစီးဌာနသို့ သွားရောက်ပြီး ညွှန်ကြားရေးမှူးချုပ် Mr. Jiang Ming Hong နှင့် တာဝန်ရှိသူတို့အား တွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အထောက်အကူပြု ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ် အားကစားကွင်း၌ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao နှင့် တက္ကသိုလ် ပါတီကော်မတီအတွင်းရေးမှူး Mr. Zhong Hai Qing တို့ ဦးဆောင်ကျင်းပသည့် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ် နှစ်(၆၀)ပြည့် အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ် အပြည်ပြည်ဆိုင်ရာပညာသင်ကြားရေးကောလိပ် ဧည့်ခန်း၌ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ နေ့လယ်ပိုင်းတွင် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် ပညာသင်ကြားပို့ချမှုအခြေအနေများကို လေ့လာကြည့်ရှုကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကွေ့လင်မြို့နှင့် ယန်လျှိုမြို့များသို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ဝန်ထမ်းရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထက်နိုင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မကြာမီရှုစားရတော့မည့် ရိန်း၏အက်ရှင်ဇာတ်ကား

အောင်မိုးစိုး

အာရှစူပါစတား ကိုရီးယားမင်းသား ရိန်း၏ အက်ရှင်ဇာတ်ကားကို ယခုနှစ်နွေရာသီတွင် အကြိုပြသပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း CJ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

CJ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ကိုရီးယားနာမည်ကျော်မင်းသား ရိန်း **(ယာပုံ)** နှင့် ဆင်ဆီဂျောင်းတို့ အဓိကပါဝင်လှုပ်ရှားထားသည့် R2B: Return to Base ဇာတ်ကားကို အကြိုပြသပွဲများ ပြုလုပ်ရန်နေ့ရက်များ မသတ်မှတ်ရသေးသော်လည်း ဩဂုတ်လအတွင်း ကိုရီးယားနိုင်ငံတစ်ဝန်း ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားကို မူလက Soar Into the Sun ဟု အမည်ပေးခဲ့သော်လည်း အက်ရှင်ဇာတ်ကား၏ အမည်နှင့် လိုက်ဖက်စေရန်၊ ဆွဲဆောင်မှုရှိစေရန် အမည်ပြောင်းလဲခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

၁၉၆၄ ခုနှစ်က ကိုရီးယားရုပ်ရှင်ကား Red Muffler ဇာတ်ကားကို ပြန်လည်ထုဆစ် ပုံဖော်ထားသည့် R2B:Return to Base ဇာတ်ကားသည် ကိုရီးယားကျွန်းဆွယ်တွင် ဖြစ်ပွားခဲ့သည့် စစ်ဘေးစစ်ဒဏ်အန္တရာယ် အသွယ်သွယ်ကြားမှ တိုက်လေယာဉ်မှူးများ၏ ဘဝနှင့် အချစ်ကို ဖော်ကျူးထားသည့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ရှုစားရမည့် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။



ယင်းဇာတ်ကားတွင် မင်းသားရိန်းက တိုက်လေယာဉ်မှူးတစ်ဦးအဖြစ် သရုပ်ဆောင်ထားပြီး ဆင်ဆီဂျောင်းက စက်ပြင် ပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

ထို့ပြင် ယင်းဇာတ်ကားတွင် ယိုးဂျန်ဆန်၊ လီဂွျန်ဆက်နှင့် ဂျန်ဆက်ဝန်တို့ကလည်း ဇာတ်ပို့ဇာတ်ရံများအဖြစ် ပါဝင်အားဖြည့်ပေးထားပြီး အက်ရှင်သရုပ်ဖော် ဇာတ်ဝင်ခန်းများအတွက် F-15K ဂျက်တိုက်လေယာဉ်များ အသုံးပြုရိုက်ကူးခဲ့သည့် ပထမဆုံး ကိုရီးယားအက်ရှင်ဇာတ်ကားဖြစ်သည်။

***အင်တာနက်။***

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

အတွေးအမြင်

မောင်ဆွေ

# အားလုံးဝိုင်းကာ၊ ဝန်းကာဖြင့် တည်ဆောက်ကြပါမှ . . .

တော်တော်တော့ အံ့သြဖို့ကောင်းသည်။ ဖတ်ဖူးသော ဟာသစာအုပ်ထဲ၊ ကာတွန်းထဲကအတိုင်း တကယ့်ကို ထပ်တူ။ ယောက်ျားရင့်မကြီးများဖြစ်ကြပါလျက် ယခုပင် သူတို့ဝိုင်းမှ လှည့်ထွက်သွားသူအကြောင်းကို သူတို့ အတင်းတုတ်ကြသည်။ အရည်မရ၊ အဖတ်မရစကားများဖြင့် ပေါက်ပန်းလေးဆယ်။ ဟုတ်တာလည်းပါသလို မဟုတ်တာ လုပ်ကြံပြောတာတွေက များသည်။ သူတို့ငါးယောက်အနက် တစ်ဦးဦး ထပ်ထွက်သွားရင်လည်း အလားတူ ခံရမည်ကို သိနေတော့ ဘယ်သူမှ ထွက်မသွားရဲကြဘဲ သူတို့ ပါးစပ်ထဲရှိတာတွေကို ဆက်လေဖောနေကြသည်။

သူတို့နှင့် မလှမ်းမကမ်းတွင် စာအုပ်တစ်အုပ်ဖတ်ရင်း ထိုင်နေသည်မို့ မကြည့်ချင် မြင်လျက်သားဖြစ်နေသည်။ စောစောပိုင်းကတော့ သူ့နားလာပြီး အေးကွာ စာအုပ်ယူလာဖို့ မေ့သွားတယ်၊ စာအုပ်ယူလာရမှာ ဘာညာနှင့် စကားရော ဖောရော လာလုပ်ကြသေးသည်။ သူက ဘာစကားမှ မပြောလိုက်ဘဲ ပြုံးရုံသာ ပြုံးပြလိုက်တာမို့ သူတို့ ဘာသာစုပြီး စကားပြောနေကြခြင်းဖြစ်သည်။

သတင်းဖလှယ်ခြင်းသည် ရှေးကမ္ဘာဦးကတည်းက ရှိခဲ့သဖြင့် ကောင်းသော အလေ့အထတစ်ခုဖြစ်ပါသည်။ သို့သော် မိမိနှင့် အတွေးချင်းမတူ၊ အလုပ်ချင်း မတူရုံနှင့် ရန်သူသဖွယ်၊ ရန်ဘက်သဖွယ် သဘောထားပြီး သူများအကြောင်း မဟုတ်မဟတ် လုပ်ကြံပြောနေကြခြင်းမှာ အတင်းတုတ်နေခြင်းဖြစ်သည်ဟု ထင်ပါသည်။ တစ်နိုင်ငံတည်းသားချင်း၊ အမိုးတစ်ခုအောက်တွင် အတူတူ ခိုနားနေကြသူချင်း ဘာလို့ ရန်လိုမီးပွားလိုကြပါသနည်း။ အံ့သြရသည်။

သူတို့နှင့် ကျွန်တော်သည် အစည်းအဝေးခေါ်ထားသဖြင့် ရောက်နေကြခြင်းဖြစ်ပြီး အစည်းအဝေး မစသေးသဖြင့် အချိန်ဖြုန်းနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အချိန်သည် အလျှံပယ်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့မှာ ညနေ ၃ နာရီတွင် အစည်းအဝေးစမည်ဟု ခေါ်ထားခံရသော်လည်း ၃ နာရီခွဲနေသည့်တိုင် အစည်းအဝေးဦးဆောင်ကျင်းပမည့်သူ မလာသေးသည်ကို စိတ်ပြူစူမှုမရှိဘဲ ဟိုနားလူစုစု၊ ဒီနားလူစုစုဖြင့် အချိန်ဖြုန်းနေကြခြင်းဖြစ်သည်။

မနေ့ကလည်း အခမ်းအနားတစ်ခုသို့ တက်ခဲ့သည်။ ဖိတ်ကြားသည့်အချိန်က ၁၀ နာရီဖြစ်သော်လည်း ၁၁ နာရီကျော်မှစသည်။ ဥက္ကဋ္ဌဖြစ်သူ တက်မည်ဟု ဖိတ်ကြားထားသော်လည်း ဒုတိယဥက္ကဋ္ဌဖြင့်သာ စခန်းသွားလိုက်ကြရသည်။ ဒုတိယဥက္ကဋ္ဌကလည်း ဥက္ကဋ္ဌဖြစ်သူ ဘာဖြစ်လို့ သူလာရခြင်းဖြစ်ကြောင်း အလာပသလ္လာပ ပင် မပြော။ တက်ရောက်၊ စကားပြော၊ ပြီးပြန်၊ ဝတ်ကျေတမ်းကျေသာ။ သူပြန်သွားတော့ ဒီလိုဆို ငါတို့လည်း မလာပါဘူး၊ ငါတို့မှာတော့ အခမ်းအနား မစခင်ကတည်းက ကြိုလာရတာ၊ အချိန်တွေ ပုပ်တယ်၊ တော်ပြီ နောက်ဆို လုံးဝပဲဟု ပွစိပွစိ ဖြစ်ကုန်ကြသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသလို ခံစားနေကြရသည်။ လူတိုင်း အလုပ်တွေများကြသည်ပဲ။ အကျိုးအကြောင်းလေးတော့ အနည်းငယ်ရှင်းမပြသင့်ဘူးလား။ ဘာကြောင့် နောက်ကျသည်၊ ဘာကြောင့် ဥက္ကဋ္ဌ မလာနိုင်သည်။ ချို့ယွင်းချက်ဆိုသည် ရှိနိုင်ကြပါသည်။ သင့်လျော်သော ဖြေရှင်းချက်လေးပေးလျှင် နားလည်ပေးနိုင်သော်လည်း မလေးမစား၊ အလေးမထား လုပ်ရပ်မျိုးကို သူသူငါငါ သဘောမကျချင် ဖြစ်မိသည်။

နေ့စဉ် လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းနေကြသူများထဲတွင် အလုပ်ရှာနေသူများ၊ အလုပ်မရှိသေးသူများ၊ လောင်းကစားသမားများ၊ ပွဲစားများ၊ ဝယ်ရောင်းများ စသည်တို့အပြင် မိမိတို့ ဝန်ထမ်းအချို့လည်း ပါသည်။ မြန်မာနိုင်ငံတွင် လက်ဖက်ရည်ဆိုင်ထိုင်၍ အားအားယားယား အချိန်ဖြုန်းနေကြသူများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ထိခိုက်နစ်နာသည်ဟု ထောက်ပြကြတာကို တွေ့ရှိနိုင်သည်။ ရုံးချိန် ၈ နာရီအနက် ဘယ်နှနာရီ အလုပ်လုပ်သလဲဟု မိမိတို့ကို တွက်ချက်ခိုင်းလျှင် ဒါက ရှင်းပြဖို့ပင် ခက်သေးတော့သည်။ ဝန်ထမ်းအများစုကတော့ ကားစောင့်ရလို့ အချိန်တွေကုန်တာ၊ ရုံးမှာလည်း ၈ နာရီမက အချိန်တွေ ပေးဆပ်ရတာ၊ အထက်လူကြီး၏ ဆူပူကြိမ်းမောင်းတာခံရတာ စသည်ဖြင့် သူတို့ရသည့် လစာနှင့် သူတို့ လုပ်ရတာမတန်ဟုပင် အဖြေပေးကြပေမည်။ သို့သော် နိုင်ငံတော်အတွက်၊ ဌာနအတွက်ကျပြန်တော့ ပေးရတာနှင့် ပြန်ရတာ မကာမိဟု ထင်သည်။ “အေးလေ နောက်တော့ ဖြစ်လာမှာပါ” နောက်ဆုံးတော့ အတွေးသည် ဂျာအေး သူ့အမေရိုက်ဖြင့်သာ အဆုံးသတ်ရမြဲဖြစ်သည်။

အလုပ်ခွင်တွင် တစ်ယောက်ကိုတစ်ယောက် နင်းတက်ချင်သော၊ မလိုမုန်းထားရှိသော၊ မကောင်းမြင်စိတ်ရှိသော၊ ဘုရားစူးမိုးကြိုးပစ် ဗုဒ္ဓဘာသာဝင်ဟု ခေါ်ရမည့် မုဒိတာကို နားမလည်သော၊ ကိုယ်ချင်းစာနာစိတ်မရှိသော သူများကို တွေ့ရသောအခါ မြန်မာနိုင်ငံသားတို့၏ စိတ်ကို သံသယဖြစ်မိသည်။ တစ်ယောက်တစ်လက် ညီညာသော လက်များသည်သာ နိုင်ငံအတွက်အားများ ဖြစ်နိုင်ပါသည်။ ငါနှင့် မတူ ငါ့ရန်သူဟု စိတ်ဖြင့်၊ သူတစ်လူ ငါတစ်မင်း ထင်ရာစိုင်းချင်သော စိတ်ထား၊ မညီညွတ်သော လက်များသည် နိုင်ငံအတွက် အားမဖြစ်နိုင်ပါ။

မိမိတို့အားလုံးတွင် အသေးအဖွဲ့မှသည် အကြီးအမားအထိ ပြင်စရာ၊ ရှောင်ကြဉ်စရာများက တစ်ခု နှစ်ခုမက။ သိန်းသန်းရာထောင်ပင် ရှိနိုင်သည်။ သို့သော် ကိစ္စမရှိပါ။

မိမိတို့ ကိုယ်တိုင်သိသည့် ပြင်ရန်လိုသည်များကို မိမိတို့ဘာသာ သတိပြုပြုပြင်ကြပြီး မိမိတို့ ကိုယ်တိုင်မသိသည့် အမှားများကို အချင်းချင်း ချစ်သောမျက်စိဖြင့် ပြင်ဆင်ပေးကြ၊ နားလည်ခွင့်လွှတ်ကြကာ အချိန်ကို အကျိုးရှိစွာ အသုံးချ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် ခရီးလမ်းတွင် သူလည်းသူ့အလျောက်၊ ငါလည်း ငါ့အလျောက်၊ ဝန်ထမ်းများရော၊ ဝန်ထမ်းမဟုတ်သူများရော၊ လူကြီးရော၊ လူငယ်ရော၊ ယောက်ျားရော ၊ မိန်းမရော၊ ဆင်းရဲသူရော၊ ချမ်းသာသူရော၊ ဈေးဝယ်များရော၊ ဈေးသည်များရော၊ လုပ်ငန်းရှင်ကြီးများရော၊ လုပ်ငန်းရှင်လေးများရော၊ အလုပ်သမားများရော၊ လယ်သမားများရော၊ အသိပညာရှင်များရော၊ အတတ်ပညာရှင်များရော၊ မြန်မာနိုင်ငံတွင် နေ၍ မြန်မာနိုင်ငံ၏ မြေကိုနင်း၊ လေကိုရှူ၊ ရေကိုသောက်၊ ခံစားစံစားကြသူ အားလုံးရော၊ နိုင်ငံပြင်ပတွင် နေထိုင်သော်လည်း နိုင်ငံသားစိတ်ရှိကြသူများပါ အားလုံးကဝိုင်းဝန်းပြီး အမိမြန်မာပြည်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ ဝိုင်းကာဝန်းကာ တည်ဆောက်ကြရအောင်ဟု ဆော်သြလိုက်ရပါသတည်း။ ॥

# တန်ပိုယာဉ်ထိန်းသိမ်းစိစစ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိ တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက ဝိုင်းဝန်းထိန်းသိမ်းပေး

နေပြည်တော် မေ ၂၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်သည့် အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ ညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (အောက်ပုံ)



အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လမ်း/တံတားများကို အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတော်မှချမှတ်ထားသော နှစ်တို၊ နှစ်ရှည်စီမံကိန်းများအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေအရ ဦးစားပေးအဆင့်ဖြင့် ခွဲဝေဆောင်ရွက်လျက်ရှိပြီး လမ်းသစ်ဖောက်လုပ်ခြင်း၊ တိုးတက်ပြုပြင်ခြင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အပြင် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ စီမံကိန်းမူဝါဒဖြစ်သည့် နိုင်ငံတကာနှင့် ဆက်သွယ်သော ပြည်ထောင်စုလမ်းများ၊ အဓိက ပြည်ထောင်စု လမ်းမကြီးများ၊ ဖောက်လုပ်ဆဲ လမ်းသစ်များ၊ အခြား ပြည်ထောင်စုလမ်းများကို ဦးစားပေး အဆင့်အလိုက် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ဥပဒေစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် လမ်း/တံတားများနှင့် ကုမ္ပဏီများက B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်း/တံတားများ တိုးတက် ကောင်းမွန်ရေး၊ ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ သုံးစွဲရေးကို ကြပ်မတ်ကွပ်ကဲ ပေးသွားစေလိုကြောင်း၊ လမ်း/တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပျက်စီးမှုလျော့နည်းသက်သာစေရန်အတွက် လမ်း/တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များထားရှိပြီး တန်ပိုယာဉ် ထိန်းသိမ်းစိစစ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများမှ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးသွားရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်တို့က တိုင်းဒေသကြီး/ပြည်နယ်များ၌ လမ်း/တံတားများ၊ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများ၊ အင်ဂျင်နီယာ မှူးကြီးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ ရန်ပုံငွေရရှိမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၄-၅-၂၀၁၂ (ကြာသပတေးနေ့)**

| | |
|---|---|
| ၅း၄၀ | [အရှင်ဥတ္တရ(ကျိုက်ဒေးယျုံ ဆရာတော်) ဟောကြားတော်မူသောတရားတော်] |
| ၇း၅၀ | TV Shopping |
| ၉း၂၀ | သီတဂူလမင်းသာသနာ့ အကျိုးဆောင်အသင်းကြီး (မင်္ဂလာဒုံ)၏စုပေါင်းရဟန်းခံ ရှင်ပြုပွဲ |
| ၁၀း၂၅ | ရန်ကုန်မြင်ကွင်းကျယ် (Mother's Day Singing Contest) |
| ၅း၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၃၂)** |
| ၇း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၈း၃၀ | အနုပညာမိုးကောင်းကင် |
| ၈း၅၀ | Singapore Night (Orchard Road) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၄၆)** |
| ၁၀း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ” (အပိုင်း-၁၈)** |
| ၁၁း၂၀ | ဘဝရဲ့ချောက်ကမ်းပါးစွန်း (ရင်သားကင်ဆာနှင့် အရိုးကင်ဆာ) |
| ၁၂း၄၀ | ဆေးဖက်ဝင်ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း |
| ၄း၃၀ | မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ) |

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားကဏ္ဍ တာဝန်ခံဝန်ကြီးများအား တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားကဏ္ဍတာဝန်ခံဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်တာဝန်ရှိသူများ၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ကယားပြည်နယ် လူမှုရေးဝန်ကြီး ဦးကိုးရယ်၊ ကရင်ပြည်နယ် သစ်တောရေးရာနှင့် သတ္တုတွင်းဝန်ကြီး ဦးစောဆာလောလ၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးသန်းမြင့်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ အနီးကပ်ဆုံး ရည်မှန်းချက်မှာ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးနှင့် ထိုက်တန်စွာ အောင်မြင်မှုရရှိရေးပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နာယကအဖြစ် ပါဝင်သော ပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ကဏ္ဍအလိုက် ဆပ်ကော်မတီ ၁၃ ခုကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြိုင်ပွဲကျင်းပရန် လိုအပ်သည့် အားကစားကွင်း/ရုံများနှင့် အားကစားရွာတို့ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး နေပြည်တော်တွင် အားကစားနည်း ၂၂ နည်း၊ ရန်ကုန်တွင် အားကစားနည်း ၁၀ နည်း စုစုပေါင်း အားကစားနည်း ၃၂ နည်း ကျင်းပသွားရန် လျာထားပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ထိုက်တန်စွာ အောင်မြင်မှု ရရှိစေရေးအတွက် ပြီးစီးခဲ့သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အရည်အချင်းမီ အားကစားသမားများနှင့် ကျင်းပခဲ့ပြီးသော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ Champion Challenge Cup အားကစားပြိုင်ပွဲနှင့် တပ်မတော် (ကြည်း/ရေ/လေ) ပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အခြေခံပညာကျောင်း ပေါင်းစုံပြိုင်ပွဲများမှ ရွေးချယ်ရရှိသော အလားအလာရှိသည့် အားကစားသမားများကို နေပြည်တော်လေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်များတွင် စနစ်တကျ ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။



**မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားကဏ္ဍ တာဝန်ခံဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြုပြင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်မှု အစီအစဉ်များ၊ အခြေခံပညာကျောင်းများတွင် ကာယအချိန်များ တိုးမြှင့် သတ်မှတ်ပေးရန်နှင့် ကာယဆရာ/ဆရာမများ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားကဏ္ဍ တာဝန်ခံဝန်ကြီးများက အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်မှု၊ အခြေခံပညာကျောင်းများတွင် ကာယအချိန်များ၌ ကျောင်းသားများ လေ့ကျင့်ရန် ဆောင်ရွက်မှု၊ အားကစားကွင်း/ရုံနှင့် အားကစားပစ္စည်းများ လိုအပ်မှုနှင့် Champion Challenge Cup ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများအား လျှောက်လွှာတင်သွင်းခွင့်ပြုခြင်း

**နေပြည်တော် မေ ၂၃**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ရာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာနှင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာများကို ရယူပြီး ၂၀၁၂ခုနှစ် ဇွန် ၁၂ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မေတ္တာစမ်းရေဆေးခန်း၌ ငါးနှစ်အောက်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးဝင်းအတွင်းရှိ မေတ္တာစမ်းရေဆေးခန်း၌ ငါးနှစ်အောက် ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဆေးခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ ဆေးရုံကြီးရှိ ကလေးအထူးကု ဆရာဝန် ကြီးများ၊ သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီးများ၊ နေပြည်တော် ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာ စကားပြောကြားပြီး နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်သန့်ဇင်က ငါးနှစ်အောက်ကလေး များတွင် အဖြစ်များသောရောဂါများ အကြောင်း အသိပေး ရှင်းလင်းပြောကြား ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြင့်မြင့်သန်း (WCHD) နှင့် ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမေခင်သန်း (အာဟာရဌာန)တို့က ငါးနှစ်အောက် ကလေးများကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊ အာဟာရနှင့် ပတ်သက်၍ ပြောကြားခြင်း၊ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစန်းစန်း လှိုင်က မေတ္တာစမ်းရေဆေးခန်းတွင် ဖွင့်လှစ်ထားရှိသည့် ငါးနှစ်အောက် ကလေး ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း၏ ဝန်ဆောင်မှုပေးမည့် အကြောင်း ရှင်းလင်းပြောကြားခြင်းတို့ကို ပြုလုပ်ကြသည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များသည် ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး ငါးနှစ်အောက် ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ဗီတာမင်အားဆေး တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ရုံးဝင်းအတွင်းရှိ မေတ္တာစမ်းရေဆေးခန်း၌ ငါးနှစ်အောက်ကလေး ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# သတိပေးနှိုးဆော်ချက်

၁။ စက်သုံးဆီသယ်ယာဉ်(Bowser)ဖြင့် စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရပြီး စနစ်တကျရှိစေရေးအတွက် ထုတ်ပြန်ထားသည့် တည်ဆဲရေနံအက်ဥပဒေ၊ နည်းဥပဒေများအရ အောက်ပါတို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်-

(က) စက်သုံးဆီသယ်ယာဉ်တွင် တည်ဆောက်တပ်ဆင်ထားသည့် ဝမ်းလောင်းတိုင်ကီ (Bowser Tank)၊ မီးကာသံပြား (Shield)များ၊ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဆီတင်ဆီချပိုက်များ၊ အဖွင့်အပိတ် ဘားများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မြေစိုက်ကြိုးနှင့် Exhaust Pipe စသည်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီဖြစ်ရမည်။

(ခ) Bowser Tank ကိုယ်ထည်၏ ဘေးဝဲ၊ ယာနှစ်ဖက်နှင့် နောက်ဘက်တို့တွင် "မီးလောင်လွယ်သည်" "မီးသတိပြု" "လောင်စာဆီအမျိုးအစားနှင့်ဝင်ဆံ့ဂါလန်အရေအတွက်"နှင့် "ယာဉ်နံပါတ်"တို့ကို သိသာထင်ရှားစွာ ရေးသားထားရမည်။

(ဂ) ယာဉ်မောင်းသူ၏ လေကာမှန်အထက်နားတွင် "တစ်နာရီ မိုင် ၃၀ ထက် မပိုရ" စာတန်းအား ထင်ရှားစွာ ရေးသားထားရမည်။

(ဃ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိယာဉ်ဖြစ်ရမည်။

(င) စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် သတ်မှတ်သက်တမ်း ကာလအတိုင်း ယာဉ်စစ်ဆေးမှုကိုခံယူ၍ ဝင်ဆံ့ဂါလန်တိုင်းတာသတ်မှတ်ရန် ရေချိန်ဝင်ရမည်။

(စ) သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာနတွင် သတ်မှတ်သက်တမ်းကာလအတိုင်း စက်သုံးဆီသယ်ယူခွင့်ပါမစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရမည်။

၂။ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ**



# ရတနာပုံအသင်းချန်ပီယံဖြစ်ရေး ပြည်ပကစားသမားလဲလှယ် လာမည့်ရာသီ စပွန်ဆာ ဒေါ်လာနှစ်သန်းရမည်ဟု အသင်းပိုင်ရှင်ဖွင့်ဟ

**မန္တလေး မေ ၂၃**

မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ ပွဲစဉ်များတွင် ချန်ပီယံဆုအတွက် ဇယားထိပ်တွင် ဦးဆောင်နေသော ရတနာပုံ အသင်း အပြိုင်အဆိုင်ကစားရဦးမည်။ ရတနာပုံအသင်းသည် ရာသီဝက် အပြောင်းအရွှေ့ဈေးကွက်တွင် ပြည်ပ ကစားသမားတစ်ဦး လဲလှယ်ခေါ်ယူ ထားသည်။ပထမကျော့တွင် ပါဝင်ကစား ခဲ့သော ဘရာဇီးနောက်ခံလူ အန်ဒရေ၏ နေရာတွင် ဘရာဇီးကွင်းလယ်ကစား သမား ဒါဆေးလ်ဗားနှင့် အစားထိုးခဲ့ သည်။ ထို့အပြင် ရာသီဝက်ပြင်ဆင်မှု အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့သည်။

ရတနာပုံအသင်းနည်းပြချုပ် ဘောရယ်ဂျီက မြန်မာနေရှင်နယ်လိဂ် ဒုတိယ အကျော့ပွဲစဉ်များမှာ ပိုမိုခက်ခဲမည် ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ "ဒုတိယအကျော့ပွဲစဉ်တွေက ပထမ အကျော့ထက် ပိုပြီးခက်ခဲမှာပါ။ အသင်းတိုင်းက ပြင်ဆင်မှုတွေပြုလုပ်ထားသလို အသင်းငယ်တွေကလည်း တန်းမဆင်းရဖို့ အတွက် ရုန်းကန်နေတာကြောင့် ဘယ် အသင်းကိုမှ လျှော့တွက်လို့မရကြောင်း" ဟု ၎င်းက ဆိုခဲ့သည်။

ရတနာပုံအသင်းမှ မြန်မာနေရှင်နယ် လိဂ်ဒုတိယအကျော့ပွဲစဉ်များအတွက် အသစ်ခေါ်ယူလိုက်သော ဘရာဇီး ကွင်းလယ်ကစားသမား ဒါဆေးလ်ဗားက ရာသီကုန်တွင် ရတနာပုံအသင်းချန်ပီယံ ဖြစ်ရန်အတွက် အစွမ်းကုန်ကြိုးစား ကစားမည်ဟု ဖွင့်ဟပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ရတနာပုံအသင်း၌ ပြည်ပကစားသမားများအဖြစ် ကင်မရွန်း နောက်ခံလူ ဒီဂျန်၊ အိုင်ဗရီကို့စ်တိုက်စစ်မှူး ကိုနေးလ်၊ ဘရာဇီးကွင်းလယ်ကစား သမား ဒါဆေးလ်ဗားတို့ ဒုတိယအကျော့ တွင် ပါဝင်ကစားမည်ဖြစ်သည်။

လာမည့်ဘောလုံးရာသီတွင် ရတနာပုံ အသင်းအနေဖြင့် ပြည်ပအချိုရည်ကုမ္ပဏီ တစ်ခုထံမှ စပွန်ဆာအဖြစ် ဒေါ်လာ နှစ်သန်းရရှိမည်ဖြစ်ကြောင်း အသင်း ပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ဖွင့်ဟ ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ရတနာပုံအသင်းကို အဓိကစပွန်ဆာ အဖြစ် ALPINE သောက်ရေသန့် ကုမ္ပဏီက ထောက်ပံ့ကူညီထားပြီး လာမည့်ရာသီ၌ အသင်း၏ အကျီ ရင်ဘတ်တွင် ALPINE တံဆိပ်အစား စပွန်ဆာပေးသည့် ကုမ္ပဏီအမှတ်တံဆိပ် ကို ပြောင်းလဲအသုံးပြုမည် ဖြစ်သည်။ စပွန်ဆာကြေး အမှန်တကယ်ရရှိခဲ့ပါက ရတနာပုံအသင်းသည် မြန်မာနေရှင်နယ် လိဂ်တွင် ပထမဆုံးအကျိုးအမြတ်ရရှိမည့် ဘောလုံးအသင်းဖြစ်လာဖွယ်ရှိသည်။

ရတနာပုံအသင်းသည် မေ ၂၀ ရက် ညနေ ၄ နာရီတွင် ဟံသာဝတီအသင်းနှင့် ဗထူးကွင်း၌ အိမ်ကွင်းပွဲစဉ် ယှဉ်ပြိုင် ကစားရာအနိုင်ရရှိခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)** သီဟကိုကို(မန္တလေး)

## တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် မေ ၂၃**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း) ၌ ဦးနီအောင်ခိုင်မြင့်သည် မေ ၂၀ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော ဦးသန်မာဘို၊ ဦးစိန်သောင်း၊ ဦးခင်အောင်တို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် Srixon Softfeel No.(3) ဘောလုံးအား Srixon Iron No.(7) တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၄၀ အကွာရှိ ကျင်းအမှတ်(၁၁)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

## နိုင်ငံတကာအားကစားသတင်းများ

နိုင်ငံတကာအားကစားသတင်းများ

# ဒီဇီကို မန်စီးတီးအသင်းမှ ထွက်ခွာမည်လား

**မန်ချက်စတာ မေ ၂၃**

မန်စီးတီး ကွင်းလယ်ကစားသမား အေဒင်ဒီဇီကို**(အောက်ပုံ)**သည် မန်စီးတီး အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ပြီး



နောက် အသင်းသစ်ရှာဖွေရန် ၎င်း၏ အေးဂျင့်ဖြစ်သူအား ပြောကြားခဲ့သည်။

ဒီဇီကိုသည်၂၀၁၁ ခုနှစ်က ဝုလ်စဘာ့ အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ ကြေး ပေါင် ၂၇ သန်းဖြင့် ရောက်ရှိ လာခဲ့ခြင်းဖြစ်ပြီး ကားလို့တိဗက်ဇ် မန်စီးတီးအသင်းသို့ ပြန်လည်ရောက်ရှိ လာပြီးနောက် ပုံမှန်ပွဲထွက်ခွင့် လျော့ကျခဲ့ သည်။

ဒီဇီကိုသည် မန်စီးတီးအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲပေါင်း ၄၀ ကစားပြီး ၁၉ ဂိုးသွင်းယူထားသူ ဖြစ်သည်။ ဒီဇီကိုသည် မန်စီးတီးအသင်း နည်းပြ မန်စီနီနှင့် ဆက်ဆံရေးအဆင် မပြေသော်လည်း ၎င်း၏ အနာဂတ် အတွက် ဆုံးဖြတ်ချက်မချမီ အသင်း၏ ရာသီအကြိုပွဲစဉ်များ ယှဉ်ပြိုင်သည်အထိ မန်စီးတီးအသင်း၌ ကစားရန် ဆန္ဒပြု ထားခဲ့သည်။

သို့သော် မာရီယိုဘာလော့တယ်လီ သည် မန်စီးတီးအသင်း၌ နောက်ထပ် တစ် ရာသီ ဆက်လက်ကစားမည်ဟု မန်စီးတီး အသင်းက အတည်ပြုထားကြောင်းနှင့် မန်စီးတီးအသင်းနည်းပြ မန်စီနီက နာပိုလီကစားသမား အက်ဒီဆင်ကာဗာနီ အား ခေါ်ယူရန် ပစ်မှတ်ထားလာခြင်း ကြောင့် ဒီဇီကိုအနေဖြင့် မန်စီးတီးအသင်း မှ ထွက်ခွာရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းနည်းပြ မန်စီနီ သည် ယခုနှစ်အပြောင်းအရွှေ့ကာလတွင် ရော်ဘင်ဗန်ပါစီနှင့် အေဒင်ဟားဇက်တို့ နှစ်ဦးပေါင်းအား ပေါင် သန်း ၆၀ အကုန် အကျခံကာ ခေါ်ယူရန် ကြိုးစားခဲ့ခြင်း ကြောင့် ဒီဇီကိုက မန်စီးတီးအသင်းမှ ထွက်ခွာကာ အသင်းသစ်ရှာဖွေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဒီဇီကိုက ပြောကြားခဲ့သည်။ **အင်တာနက်။**

**နိုင်လင်းကြည်**

# စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ ယူရို ၂၀၁၂ တွင် ပါဝင်ကစားနိုင်မည်မဟုတ်ဟုဆို

**စပိန် မေ ၂၃**

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ **(အောက်ပုံ)**သည် ခြေထောက်ဒဏ်ရာရရှိ ထားခြင်းကြောင့် ယူရို ၂၀၁၂ ပြိုင်ပွဲတွင်



စပိန်အသင်း၌ ပါဝင်ကစားနိုင်မည်မဟုတ် ကြောင်း မေ ၂၃ ရက် အင်တာနက် အားကစားသတင်း တစ်ရပ်တွင်ဖော်ပြ သည်။

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ၎င်း၏ ခြေထောက်ဒဏ်ရာအား ဆေးဝါး ကုသနေဆဲဖြစ်ပြီး စပိန်အသင်းတွင် မကြာမီ ပြန်လည်ကစားနိုင်မည် ဖြစ် ကြောင်း တိုက်စစ်မှူးဒေးဗစ်ဗီလာက အသင်းနည်းပြ ဒယ်လ်ဘိုစကေးအား ပြောကြားခဲ့သည်။

သို့သော် ဒေးဗစ်ဗီလာ စပိန်နိုင်ငံ အသင်း၌ ပါဝင်လာရန်မှာ မသေချာ ကြောင်း၊ နိုင်ငံအသင်းပဏာမကစား သမားစာရင်း၌ ဒေးဗစ်ဗီလာအား ထည့်သွင်းထားသည့်အတွက် ဒေးဗစ် ဗီလာ နိုင်ငံအသင်း၌ ပါဝင်လာမည်ဟု ယုံကြည်ထားကြောင်း စပိန်အသင်း နည်းပြ ဒယ်လ်ဘိုစကေးက ထုတ်ဖော် ပြောကြားခဲ့သည်။

စပိန်အသင်းသည် အုပ်စု(C)တွင် ခရိုအေးရှား၊ အိုင်ယာလန်၊ အီတလီ စသည့်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ဇွန် ၁၀ ရက်တွင် အီတလီအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် အိုင်ယာလန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၁၈ ရက်တွင် ခရို အေးရှားအသင်းနှင့် လည်းကောင်း အုပ်စုအဆင့်ပွဲစဉ်များကို ယှဉ်ပြိုင် ရမည်ဖြစ်သည်။

ထို့ကြောင့် စပိန်အသင်း ယူရို ၂၀၁၂ ပြိုင်ပွဲသည် နီးကပ်လာပြီဖြစ်ရာ တိုက်စစ်မှူးဒေးဗစ်ဗီလာ ခြေထောက် ဒဏ်ရာ ဆေးဝါးကုသနေခြင်းကြောင့် ပါဝင်လာဖွယ်မရှိကြောင်း၊ သို့သော် ဒေးဗစ်ဗီလာသည် ပြိုင်ပွဲပေါင်း ၈၂ ပွဲ ကစားပြီး ၅၁ ဂိုးသွင်းယူကာ စပိန်၌ ဂိုးသွင်းစံချိန် တင်ထားသူဖြစ်ကြောင်း စပိန်အသင်းနည်းပြ ဒယ်လ်ဘိုစကေးက ပြောကြားခဲ့သည်။ **အင်တာနက်။**

# ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှု လုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆) ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝ ပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

### ကချင်ပြည်နယ်

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကံကောင်းသောပဒုမ္မာ | ဦးလှထူး | ၂၈.၅၀ |
| ၂ | ကမ္ဘာ့ခြေလှမ်း | ဦးဘောက်ဆိုင်း | ၂၀.၀၀ |
| ၃ | ကြယ်ဝါ | ဦးဂျာဂွန်း | ၃၄.၅၀ |
| ၄ | ကျောက်စိမ်းဘုရင် | ဒေါ်ဂျာဘူး | ၁၃.၃၈ |
| ၅ | ကောင်းမြတ်ပြည့်စုံ | ဦးဇော်လိ | ၁၉.၃၈ |
| ၆ | ခင်ရတနာအောင် | ဦးဝင်းမြင့်ဆွေ | ၂၃၉.၆၉ |
| ၇ | ခရုအိမ် | ဒေါ်ယိမ်းနမ် | ၄၂.၅၀ |
| ၈ | ချမ်းမြေ့ | ဦးကျော်စိုး | ၄၁.၂၅ |
| ၉ | ဂျာရုဂေါင်း | ဦးချန်ခေါ | ၂၈.၇၅ |
| ၁၀ | ဂျိတ်လင်း | ဦးရှက်ဇော်ခေါင်း | ၂၃၀.၈၁ |
| ၁၁ | စဉ်ကြိုင် | ဒေါ်ခေါင်းနော် | ၂၁.၂၅ |
| ၁၂ | စိုပြေအောင် | ဦးရုံစိန် | ၃၀.၆၃ |
| ၁၃ | စိမ်းမြတ်မွန် | ဦးစိုးနိုင် | ၁၅.၉၄ |
| ၁၄ | ဆွေရတနာ | ဒေါ်လှဲလှဲဆွေ | ၉၂.၈၁ |
| ၁၅ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၅၄.၃၈ |
| ၁၆ | တွယ်ဆန် | ဦးဇော်ဝင်း(ခ)ဦးပဲအောင် | ၃၅.၃၁ |
| ၁၇ | တိမ်နဂါးနှစ်ကောင် | ဦးချင်းဖာ | ၇၉.၁၃ |
| ၁၈ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၂၄.၇၅ |
| ၁၉ | ထွန်းတင့်ရွှေဝါ | ဦးတင်ဦးမောင် | ၂၀.၆၃ |
| ၂၀ | ထက်ဝေဖြိုး | ဦးအောင်လ | ၃၂.၈၁ |
| ၂၁ | ထွန်းလှဲခိုင် | ဦးတင်မောင်ညွန့် | ၂၃.၄၄ |
| ၂၂ | ထွန်းထွန်းအောင် | ဦးအောင်နိုင်ဦး | ၂၈.၁၃ |
| ၂၃ | ထင်ပေါ်ကျော်ကြား | ဦးထွန်းလင်း | ၁၄၇.၄၄ |
| ၂၄ | နမ့်နာစံပြ | ဦးနေလင်းဦး | ၄၀.၀၀ |
| ၂၅ | နော့သင်းစတား | ဦးမြင့်သိန်း | ၃၃.၂၈ |
| ၂၆ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂမ်း | ၃၃၀.၆၃ |
| ၂၇ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၄၉.၅၆ |
| ၂၈ | ဖြိုးဝေသီရိ | ဦးတင့်ဆွေ | ၉၆.၁၃ |
| ၂၉ | မြောက်ပိုင်းသရဖူ | ဦးမိုးကျော်သူဆွေ | ၂၅.၇၅ |
| ၃၀ | မြန်မာနွယ်ဝင်း | ဦးဝင်းနိုင် | ၄၀.၉၄ |
| ၃၁ | မြန်မာအောင်မိုးဟိန်း | ဦးအောင်လှ | ၁၅.၀၀ |
| ၃၂ | မြောက်ပိုင်းတော်ဝင်မြေ | ဦးပါးရိုင်အောင် | ၂၁.၇၅ |
| ၃၃ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၄.၀၉ |
| ၃၄ | မိုးသောက်ကြယ်မင်း | ဦးအောင်အောင်ဦး | ၁၈.၄၄ |
| ၃၅ | မြန်မာရွှေရတနာဟိန်း | ဦးမျိုးခင် | ၉.၃၈ |
| ၃၆ | မြန်မာကံ့ကော် | ဒေါ်အေးအေးဝင်း | ၅၉.၁၉ |
| ၃၇ | မြန်မာရွှေရတနာ | ဒေါ်ထူးရော် | ၉၃.၀၀ |
| ၃၈ | မိုးသောက်ကြယ်သစ် | ဦးခွန်စည်သူသွင် | ၃၂.၈၁ |
| ၃၉ | မြကိုးသွယ် | ဒေါ်ဟေမာ | ၃၁.၅၀ |
| ၄၀ | မြန်မာစံတော်ဝင် | ဦးသန်းနိုင် | ၁၁၄.၃၁ |
| ၄၁ | မင်းသိန်းကြီး | ဦးမောင်အေး | ၂၄.၃၈ |
| ၄၂ | မင်းမင်းမော် | ဒေါ်စန်းမြင့်မော် | ၄၆.၅၀ |
| ၄၃ | မနောရတနာ | ဦးမြင့်ဇော် | ၃၄.၆၉ |
| ၄၄ | ရွှေပစ်မှတ် | ဦးဖုန်းကျော်စိုး | ၅၁.၉၆ |
| ၄၅ | ရွှေပြည့်ဖြိုး | ဦးစက်မောင် | ၂၆.၂၅ |
| ၄၆ | ရွှေချစ်သူ | ဦးအေးသောင်း | ၃၆.၈၁ |
| ၄၇ | ရွှေခြူးသံသာ | ဦးငွားဝု | ၈၀.၇၂ |
| ၄၈ | ရွှေအောင်မိုင် | ဦးအောင်တူး | ၁၈၁.၉၁ |
| ၄၉ | ရွှေထူး | ဦးငွေး | ၃၂.၈၁ |
| ၅၀ | ရှင်ဗွေယန်တိုးတက်ရေး | ဦးဇော်ထွန်းအောင် | ၁၂၃.၃၄ |
| ၅၁ | ရွှေရတနာစိုး | ဦးစိုးမြင့်ထွန်း | ၂၆.၂၅ |
| ၅၂ | ရတနာဂုဏ်ဆောင်သုံးပန်လှ | ဦးကျော်ကိုကို | ၇.၅၀ |
| ၅၃ | ရွှေရတနာရွှေ | ဦးဉာဏ်လင်းထွန်း | ၃၉.၀၆ |
| ၅၄ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၇.၅၀ |
| ၅၅ | ရွှေရာသီ | ဦးကျော်ငွေး | ၁၀၄.၅၀ |
| ၅၆ | ရွှေတီထိုက် | ဦးဇော်မင်းထိုက် | ၁၈.၇၅ |
| ၅၇ | ရွှေဝင်းထက် | ဦးသက်နိုင်ကို | ၇၀.၆၃ |
| ၅၈ | ရွှေလရိပ် | ဦးကျော်ကိုကို | ၁.၈၈ |
| ၅၉ | ရွှေသိုက်စံ | ဒေါ်သီရိပြည့် | ၃၂.၅၀ |
| ၆၀ | ရှင်းသန့်ချမ်းသာ | ဦးခင်မောင် | ၃၂.၁၃ |
| ၆၁ | ရွှေပါရမီ | ဦးစောအေးချမ်း | ၁၇.၃၈ |
| ၆၂ | ရွှေခိုဝိုင်း | နန်ဆီဆိုင်လုမိုင် | ၂၂.၅၀ |
| ၆၃ | ရွှေပြည်စကြာ | ဒေါ်စောစန္ဒာမြင့် | ၁၉.၆၉ |
| ၆၄ | ရွှေသပြေအောင် | ဦးမိုးခိုင် | ၂၅.၄၄ |
| ၆၅ | ရက္ခမူ | ဒေါ်အေးမြအောင် | ၁၁.၀၀ |
| ၆၆ | ရွှေဝန်ပေါင် | ဒေါ်တောင်နွယ် | ၁၅.၃၁ |
| ၆၇ | ရွှေဝင်းဝါရွှေ | ဦးတင်ငွေး | ၇.၅၀ |
| ၆၈ | ရွှေဟွ | ဦးချစ်ကို | ၂၂.၅၀ |
| ၆၉ | ရွှေလင်းမာ | ဦးစိုင်းခမ်းလိတ် | ၃၃.၃၈ |
| ၇၀ | ရွှေနှင်းမှုံ | ဦးဇော်စိုင်း | ၉.၃၈ |
| ၇၁ | ရွှေတိုက်စိုး | ဦးအောင်ဇော်မိုး | ၉.၈၈ |
| ၇၂ | ရွှေဇမ္ဗူ | ဦးအောင်လွန်းမောင် | ၁.၈၈ |
| ၇၃ | ရတနာဆုံမှတ် | ဦးစိုင်းကျော်ဝင်း | ၅၀.၂၅ |
| ၇၄ | ရွှေသိဒ္ဓိရှင် | ဦးထွန်းထွန်းလွင် | ၁၆.၀၀ |
| ၇၅ | ရွှေဆည်တော်ဝင် | ဒေါ်စီစီမြင့် | ၂၈.၁၀ |
| ၇၆ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၄၁.၈၈ |
| ၇၇ | ရွှေတာပိန် | ဦးဉာဏ်သိမ်း | ၁၆၆.၂၆ |
| ၇၈ | ရွှေအသစ်စတင်ချိန် | ဦးမြင့်လွင် | ၂၆.၆၆ |
| ၇၉ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၂၂.၃၉ |
| ၈၀ | ရွှေပင်လယ်နတ်သမီး | ဒေါ်မြတ်မြတ်ဆင့် | ၂၅.၃၁ |
| ၈၁ | ရာနွန်းပြည့် | ဦးတင်ငွေး | ၅၂၄.၃၈ |
| ၈၂ | ရွှေကဝါး | ဦးဆန်းကို | ၃.၀၀ |
| ၈၃ | လက်ရွေးစင် | ဦးယဉ်ကြားသိန်း | ၃၉.၈၈ |
| ၈၄ | လာဘ်မိုးလျှံ | ဦးအေးခိုင် | ၁၅.၆၃ |
| ၈၅ | လေးကျွန်းအောင်လံ | ဦးနေဖြိုးဟန် | ၇၁.၇၅ |
| ၈၆ | ဝေမြင့်စံသာ | ဦးမောင်မောင်မြင့်ဝင်း | ၇၂.၃၄ |
| ၈၇ | ဝင်းအိ | ဒေါ်မာလာဝင်း | ၇.၅၀ |
| ၈၈ | သမုဒ္ဒရာနတ်သမီး | ဦးနေမျိုး | ၉၅.၆၃ |
| ၈၉ | သိန်းထက်လျှံ | ဦးကျော်လင်းနိုင် | ၁၀၇.၅၀ |
| ၉၀ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၇၃.၁၃ |
| ၉၁ | သိန်းသန်းသူ | ဦးခင်ဇော်လင်း | ၃၄.၇၅ |
| ၉၂ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၁.၈၁ |
| ၉၃ | အောင်မြင်ကံကောင်း | ဒေါ်သူသူငြိမ်း | ၃၅.၂၅ |
| ၉၄ | အစိမ်းရောင်နယ်မြေ | ဦးသန့်ကျော်ဇင် | ၆၂.၇၅ |
| ၉၅ | အမေ့ကျေးဇူး | ဒေါ်ဂျာစန်းခွမ်း | ၇၅.၁၃ |
| ၉၆ | အတ္တာဝါရွှေစင် | ဦးအေးချို | ၃၀.၀၀ |
| ၉၇ | အုံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၂၆.၂၅ |
| ၉၈ | အားလက်ရုံး | ဒေါ်ခင်အိအိထွန်း | ၁၈.၇၅ |
| ၉၉ | အောင်သစ်လွင် | ဦးမြင့်ဇော် | ၄၅.၆၃ |
| ၁၀၀ | အောင်ငွေဦး | ဦးသက်နိုင်ဝင်း | ၈.၀၀ |
| ၁၀၁ | အောင်ပွဲဝင် | ဦးလင်းထူး | ၈၁.၂၅ |
| ၁၀၂ | အောင်ဟိန်းရှိန်ဖြိုး | ဦးမျိုးမြင့်ဦး | ၉၆.၈၈ |
| ၁၀၃ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၅၀.၃၁ |
| ၁၀၄ | အောင်မြင်သူ | ဒေါ်သွယ်သွယ်ငြိမ်း | ၄၆.၈၈ |
| | စုစုပေါင်း | | ၅၈၀၈.၂၇ |

### ကရင်ပြည်နယ်

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျော်လွှမ်းမိုး | ဦးကျော်လွှမ်းမိုး | ၄၀၂.၅၀ |
| ၂ | စံပြရွှေ | ဦးဆွေလင်း | ၁၉၅.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၁၅၃.၈၁ |
| ၄ | ယူနိုက်တက် KMK | ဦးခင်မောင်ကျော် | ၂၉၂.၅၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၂၂.၅၀ |
| ၆ | ရတနာမင်း | ဦးနိုင်လင်းထွန်း | ၃၂.၅၀ |
| ၇ | ရာစုနှစ်တောက်ပသောရွှေ | ဦးကျော်သူရ | ၃၂.၅၀ |
| ၈ | အေးကိုမိသားစု | ဦးအေးကို | ၆၅၀.၀၀ |
| ၉ | ဥဒါန်းသစ် | ဒေါ်အိန္ဒြေမြတ်သူ | ၃၁၀.၀၀ |
| | စုစုပေါင်း | | ၃၀၉၁.၃၁ |

### စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | (၁၁)ခုမြောက်ကြယ် | ဦးစိုးလွင် | ၃၉.၂၈ |
| ၂ | ကဝိမွန် | ဦးလှသွင် | ၂၁.၂၁ |
| ၃ | ကံကောင်းခြင်းထာဝရအားမာန် | ဒေါ်ယမင်းကေခိုင် | ၁၇၉.၃၈ |
| ၄ | ကဋ္ဌနဒေဝီ | ဦးတင်နွယ် | ၆၀.၅၅ |
| ၅ | ကံကောင်းသောအရှေ့ | ဦးရှင်ရီဘော | ၈၁.၆၆ |
| ၆ | ခုနှစ်နှစ်ခုနှစ် | ဦးတင်ရွှေ | ၁၉.၁၄ |
| ၇ | ခိုင်ရွှေငြိမ်းအေး | ဦးမောင်ခိုင် | ၁၀.၇၂ |
| ၈ | စွမ်းထက်ဝင်း | ဦးအောင်ဆန်းဝင်း | ၁၃.၃၈ |
| ၉ | စိန်ထက်ဝင်း | ဦးငွေးလွင် | ၅၂.၆၅ |
| ၁၀ | စိုးထက်ဝေ | ဦးစိုးနိုင် | ၄၅.၄၃ |
| ၁၁ | စိန်မြလွင် | ဦးစက်လွင် | ၄၂၆.၃၃ |
| ၁၂ | စံရွှေပြည် | ဦးမင်းဇော် | ၆၁.၈၂ |
| ၁၃ | စိမ်းရွှေဝါနဒီ | ဦးဝင်းကျော် | ၂၅၀.၉၁ |
| ၁၄ | စိန်ရွှေဖြူ | ဦးထွန်းထွန်းအောင် | ၁၂၈.၈၈ |
| ၁၅ | စိန်မိုးငွေး | ဦးညိုဆောင် | ၇.၅၀ |
| ၁၆ | ငွေးဝင်းထွန်း | ဦးတင်စိုး | ၂၆၈.၂၇ |
| ၁၇ | ဌာနေအောင် | ဦးမောင်မောင်တိုး | ၁၄၂.၅၆ |
| ၁၈ | ထွန်းရန်နိုင် | ဦးရန်နိုင် | ၃၅.၆၄ |
| ၁၉ | နှင်းရောင်မြေ | ဦးယဉ်ကျော် | ၁၇.၉၄ |
| ၂၀ | ပိုင်စိုးခန့် | ဦးစိန်ဝင်း | ၁၆.၀၇ |
| ၂၁ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂွမ်း | ၅၁.၀၅ |
| ၂၂ | ပြည်တန်ရတနာ | ဦးနိုင်အောင်လင်း | ၄၅.၃၈ |
| ၂၃ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၃၂.၆၃ |
| ၂၄ | ဖြူဝါရောင်ရွှေ | ဦးမြင့်သိန်း | ၈၉.၄၇ |
| ၂၅ | ဗိုလ်သိုင်းနှင့်ညီများ | ဦးသိုင်းဝင်း | ၁၀.၈၉ |
| ၂၆ | ဘူးဂါး | ဒေါက်တာလဂျာ | ၁၂၉.၉၈ |
| ၂၇ | မင်းဝင်းစိုး | ဦးမင်းစိုး | ၁၄၄.၆၀ |
| ၂၈ | မြန်မာစီးပွားဆက် | ဒေါ်စန်းသီတာစိုး | ၄၅.၄၅ |
| ၂၉ | မန္တလေးမိုင်းနင်း | ဦးရှိန်းထက်နောင် | ၃၃၅.၁၃ |
| ၃၀ | မြန်မာရှမ်းကျိုလုံ | ဦးအားခမ်း | ၁၁.၂၅ |
| ၃၁ | မူးမြစ်ဖျား | ဦးထိန်ဝင်း | ၃၁.၇၂ |
| ၃၂ | မိုးဟိန်းထွန်း | ဦးငွေးဝင်း | ၄၇.၀၇ |
| ၃၃ | မြန်မာရွှေတံခါး | ဦးစန်းဝင်း | ၂၈.၂၃ |
| ၃၄ | မြန်မာရွှေသီဂီ | ဦးကျင်မောင် | ၂၈.၃၂ |
| ၃၅ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၇.၆၃ |
| ၃၆ | မိုးကြိုးခြသေ့် | ဦးကျော်သူရ | ၁၀၁.၀၂ |
| ၃၇ | မြန်မာထိပ်တန်းရွှေ | ဦးမျိုးထွန်း | ၇၅.၀၀ |
| ၃၈ | မြင့်မြတ်သော တွင်းထွက်ကမ္ဘာ | ဦးဇေယျ | ၅၁.၉၆ |
| ၃၉ | မြန်မာရွှေဝါ | ဒေါ်ခရေမွှန် | ၄.၀၀ |
| ၄၀ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၃၈.၉၅ |
| ၄၁ | ရှမ်းကတူး | ဦးစန်းလွင် | ၃၉၆.၁၆ |
| ၄၂ | ရတနာချင်းတွင်း | ဦးသိန်းအောင် | ၄၂၇.၃၂ |
| ၄၃ | ရွှေမဲဇာ | ဦးဝင်းအောင် | ၃၁.၂၇ |

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၄၄ | ရွှေစန္ဒီ | ဒေါ်စောကလျာ | ၃.၂၈ |
| ၄၅ | ရွှေတော် | ဦးခင်မောင်သန်း | ၂၁.၄၃ |
| ၄၆ | ရွှေပြည့်လျှံ | ဦးဇော်ဝင်းမောင် | ၃၇.၂၉ |
| ၄၇ | ရွှေစင်ကမ္ဘာ | ဦးဇော်တောင် | ၂၆.၇၂ |
| ၄၈ | ရှင်းသန့်အောင်မြင် | ဦးသက်တင် | ၁၁၆.၁၅ |
| ၄၉ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၁၄၁.၅၅ |
| ၅၀ | ရွှေဝတီ | ဦးခင်မောင်ဆွေ | ၆၈၆.၈၃ |
| ၅၁ | ရွှေစင်မိုး | ဒေါ်သိန်းဝင်း | ၃၆၉.၂၃ |
| ၅၂ | ရွှေစေတီဆိပ် | ဦးသောင်းတန် | ၂၆၂.၇၆ |
| ၅၃ | ရွှေနံ့သာအောင် | ဦးဖေမြင့် | ၁၄၁.၇၈ |
| ၅၄ | ရွှေပြည်စံအောင် | ဦးစံလှမောင် | ၁၂.၄၄ |
| ၅၅ | ရွှေကျော်ထွန်း | ဦးလှမြင့် | ၁၄.၂၃ |
| ၅၆ | ရွှေငုဝါရွှေ | ဒေါ်ရင်သောင်း | ၆၁.၅၉ |
| ၅၇ | ရွှေဝင်းထွန်းအောင် | ဦးနေဝင်းအောင် | ၁၉၃.၂၃ |
| ၅၈ | ရွှေတောင်ကြား | ဦးကျော်သူရ | ၅၈.၂၄ |
| ၅၉ | ရွှေစင်ဟိန်း | ဒေါ်ဖွေးအိမွန် | ၆၄.၅၃ |
| ၆၀ | ရွှေတက်ရောင် | ဦးကျော်ဝင်းထူး | ၂၉.၂၆ |
| ၆၁ | ရွှေလက်ပံသာ | ဦးရန်ခိုလွန်း | ၁၇၂.၄၄ |
| ၆၂ | ရွှေချင်းတွင်း | ဒေါ်စိုးယုဝေ | ၁၀၅.၇၁ |
| ၆၃ | ရွှေသပြေမိုး | ဦးထွန်းကြည် | ၂၉.၃၃ |
| ၆၄ | ရွှေတိုးတက်အောင် | ဒေါ်အေးအေးသန်း | ၁၉.၁၆ |
| ၆၅ | ရွှေဆွေထွန်း | ဦးထွန်းစီ | ၄၉.၀၆ |
| ၆၆ | ရွှေကျော်မိုး | ဦးကျော်ညွန့် | ၁၉.၆၁ |
| ၆၇ | ရွှေစပါး | ဦးရှင်ဖူး | ၁၄၂.၃၉ |
| ၆၈ | ရွှေစိမ်းမြ | ဦးချိန်းဟိုင်း | ၁၂၅.၄၅ |
| ၆၉ | ရွှေသံတောင်မြောက်ပိုင်း | ဦးကိုကြီး | ၈၁.၇၂ |
| ၇၀ | ရွှေသမာဓိ | ဦးကျော်သူ | ၄၃.၃၁ |
| ၇၁ | ရွှေဝင်းဝင်းထွန်း | ဦးစိန်ဝင်းမောင် | ၆.၇၅ |
| ၇၂ | ရွှေတက်ဟိန်း | ဦးမရမ်ဂန် | ၁၀၆.၃၅ |
| ၇၃ | ရွှေထိပ်ပန် | ဦးငွေးလွင် | ၄၈.၇၅ |
| ၇၄ | ရွှေတိုး | ဒေါ်နန်းလု | ၁၅.၅၀ |
| ၇၅ | ရွှေရောင်ကောင်းသောမိတ်ဆွေ | ဦးကျော်စိုး | ၁၄၄.၈၄ |
| ၇၆ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၁၀၈.၈၄ |
| ၇၇ | ရွှေတာပိန် | ဦးဘဏ်သိန်း | ၄၁.၉၈ |
| ၇၈ | ရွှေပွား | ဦးအိုက်ရီ | ၉၃.၄၉ |
| ၇၉ | ရွှေဥက္ကာပျံ | ဦးဇော်မင်းထွန်း | ၇၃.၆၇ |
| ၈၀ | ရွှေအုပ်စိုး | ဦးသန်းထွဋ် | ၅၄.၇၈ |
| ၈၁ | ရွှေဝင့်ဝါအောင် | ဦးနိုင်ဦး | ၈၁.၉၈ |
| ၈၂ | ရွှေနွံ့ခမ်း | ဦးအောင်မြင့် | ၂၉.၄၄ |
| ၈၃ | ရွှေမင်းကြီး | ဦးထန်းဖေ | ၆၇.၆၁ |
| ၈၄ | ရွှေမြရိပ် | ဒေါ်စုစုလှိုင် | ၁၁၀.၉၃ |
| ၈၅ | ရွှေငွေးဗမာ | ဦးဝေလွင်ကျော် | ၁၄၃.၈၈ |
| ၈၆ | လင်းလှဲစိမ်း | ဦးစိုးနိုင် | ၁၅၂.၆၁ |
| ၈၇ | လင်းဖြိုး | ဦးစိုင်းအောင်မြ | ၃.၇၅ |
| ၈၈ | ဝင်းဝါရွှေစင် | ဦးမြင့်ရောင် | ၁၇၆.၇၅ |
| ၈၉ | ဝင်းဧရာဝတီ | ဦးလှတောင် | ၁၈၃.၈၁ |
| ၉၀ | ဝင်းနှင့်ပြည့်ဖြိုး | ဦးခင်ကျော် | ၁၈၀.၉၇ |
| ၉၁ | ဝီရိယစက်မှု | ဦးဇော်ဝင်းသိန်း | ၅၅.၂၀ |
| ၉၂ | ဝိုင်းမြင့်မြတ် | ဦးမြင့်ဝိုင်း | ၄၉.၁၇ |
| ၉၃ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၁၃၀.၉၃ |
| ၉၄ | သလ္လာရွှေစင် | ဦးအောင်သိန်းမြင့် | ၂၀၀.၂၀ |
| ၉၅ | သုဝဏ္ဏရာဇာ | ဦးနု | ၃၉.၇၄ |
| ၉၆ | သီဂီရွှေစင် | ဦးအောင်သိန်းမြင့် | ၃၆.၂၃ |
| ၉၇ | သန်းထိုက်လူ | ဦးစန်းဝင်း | ၄၂.၃၅ |
| ၉၈ | သစ္စာမြေ | ဦးဟန်ဝင်းနိုင် | ၁၁.၂၅ |
| ၉၉ | သာလွန် | ဦးသန်းငွေး | ၅၈.၂၈ |
| ၁၀၀ | သီဟသန့်ဟိန်း | ဦးဘိုဘိုကျော် | ၂၂.၅၀ |
| ၁၀၁ | သံမဏိသခင် | ဦးလင်းထင် | ၂၉.၀၀ |
| ၁၀၂ | သီရိအောင်လှိုင် | ဦးသိန်းထွန်းအောင် | ၁၀၆.၂၄ |
| ၁၀၃ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၉.၀၃ |
| ၁၀၄ | ဟိန်းရာဇာ | ဦးတင်မောင်ဆွေ | ၁၁၀.၀၅ |
| ၁၀၅ | အေးအေးခိုင် | ဦးစိုးနိုင် | ၂၅၃.၉၉ |
| ၁၀၆ | အုံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၁၁၅.၈၆ |
| ၁၀၇ | အောင်ဇေယျာတင်ထွန်း | ဦးခင်မောင်ဝင်း | ၃၄.၀၈ |
| ၁၀၈ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၁၂၉.၄၉ |
| ၁၀၉ | အောင်သုခလင်း | ဦးဝင်းထက်အောင် | ၅၃.၄၀ |
| ၁၁၀ | အောင်ဖူးပွင့် | ဦးအဲချို(ခ)အောင်သန်းမြင့် | ၅၂.၄၂ |
| ၁၁၁ | အောင်ဇမ္ဗူရာဇ် | ဦးမောင်မောင်လေး | ၃၆.၀၀ |
| ၁၁၂ | အကောင်းဆုံးရွှေ | ဦးသန်းမောင် | ၃၀.၄၆ |
| ၁၁၃ | အာရှအဆင့်မြင့် | ဦးစစ်သွေးမွန် | ၆၀.၀၀ |
| ၁၁၄ | ဧရာဝတီမြစ်ဖျား | ဦးချမ်လန် | ၁၀၇.၁၆ |
| ၁၁၅ | ဧရာရွှေဝါ | ဒေါ်ခင်နှင်းသန္တာ | ၂၀.၆၃ |
| | **စုစုပေါင်း** | | **၁၀၈၀၂.၈၃** |

**တနင်္သာရီတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ရွှေစင်တောင် | ဦးကျော်လွင် | ၁၅.၈၃ |
| ၂ | ရွှေဘုန်းသစ် | ဦးတင်ဇော်လင်း | ၄၈.၈၃ |
| | **စုစုပေါင်း** | | **၆၄.၆၆** |

**ပဲခူးတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ခမ်းဝါ | ဒေါ်ရီရီ | ၅၅.၁၃ |
| ၂ | တော်ဝင်ပါရမီ | ဦးသန်းထွဋ် | ၁၀.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၂၀.၀၀ |
| ၄ | မြစိမ်းရောင်ကျွန်း | ဦးကျော်ချစ်ရှိန် | ၆.၀၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၁၁၉.၈၀ |
| ၆ | အေးမြပြည့်စုံ | ဦးစိန်လှိုင် | ၂၉၆.၅၇ |
| ၇ | အောင်မြင်ချမ်းသာ | ဦးစောဘန်နီချစ် | ၆၅.၆၃ |
| | **စုစုပေါင်း** | | **၆၇၃.၁၂** |

**မန္တလေးတိုင်းဒေသကြီး(စဥ့်ကူးမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | စိန်ငွေးရွှေ | ဦးစိန်မောင် | ၄၅.၀၀ |
| ၂ | စံဝင်းမိသားစု | ဒေါ်ခင်အုန်းမြင့် | ၄၅.၀၀ |
| ၃ | တောနော်ထူး | ဦးစောမောင်မောင် | ၄၀.၀၀ |
| ၄ | နီလာနှင်းဆီ | ဒေါ်ဝင်းကြွယ်ကြွယ် | ၂၀၂.၅၀ |
| ၅ | မေတ္တာရှင် | ဦးအောင်ကျော်ဝင်း | ၃၅.၆၃ |
| ၆ | ရွှေစစ်သည် | ဦးထွန်းမောင် | ၁၀.၃၀ |
| ၇ | ရွှေကျားမင်း | ဦးဝင်းထိန် | ၁၈.၆၉ |
| ၈ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၃၄၆.၉၂ |
| ၉ | ရွှေစံပယ်ဦး | ဒေါ်ရင်ရင်ရွှေ | ၄၀.၈၆ |
| ၁၀ | ရာသက်စံ | ဦးခင်ဇော် | ၄၅.၀၀ |
| ၁၁ | ရွှေပြည့်အိမ် | ဦးအောင်ဇင်ဖြိုး | ၄၇.၉၆ |
| ၁၂ | ရွှေဝင်းနိုင် | ဦးသိန်းနိုင် | ၅.၆၃ |
| ၁၃ | သီဂီအောင် | ဦးဖုန်းညွန့် | ၃၈.၉၁ |
| ၁၄ | အရှေ့တိုင်းသား | ဦးသန်းနိုင် | ၁၃၁.၂၇ |
| ၁၅ | Silver Wave | ဦးမင်းမင်းအောင် | ၂၉.၉၈ |
| | **စုစုပေါင်း** | | **၁၀၈၃.၆၅** |

**မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကြယ်ငါးပွင့် | ဦးအိုက်ကျော် | ၉၁.၇၆ |
| ၂ | ကောင်းစက်မှုလက်မှု | ဦးစိုးဦးထိုက် | ၆၈.၈၅ |
| ၃ | ဂျူလိုင်မိုး | ဦးအောင်မျိုးဝင်း | ၄၀.၄၃ |
| ၄ | စူးစမ်းလေ့လာ | ဦးအုမာဖာရွတ် | ၃၀.၆၃ |
| ၅ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၂၂.၈၈ |
| ၆ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၉၇.၅၀ |
| ၇ | တော်ဝင်ခနေ | ဦးမျိုးမြင့် | ၈၆.၇၂ |
| ၈ | နေရွှေငွေ | ဦးကျော်လွင် | ၁.၈၈ |
| ၉ | ပန်းမြတ်ရာဇာ | ဒေါ်ခင်မာလွင် | ၉၀.၅၀ |
| ၁၀ | ပန်းပွင့် | ဦးဝင်းကြည် | ၁၀၅.၉၄ |
| ၁၁ | မြကျွန်းညိုညို | ဦးကျော်ချစ်ရှိန် | ၂၆.၂၅ |
| ၁၂ | ရွှေရောင်ကောင်းကင် | ဦးမင်းကျော်အောင် | ၅၃.၁၃ |
| ၁၃ | ရွှေ ၂၁ရာစု | ဒေါ်အေးအေးဝင်း | ၄၆.၄၁ |
| ၁၄ | ရာမညအင်တာနေရှင်နယ် | ဦးနိုင်လရီကောင်း | ၆၀.၄၇ |
| ၁၅ | ရွှေရအောင်ပြည့် | ဦးဆန်းဝင်း | ၃၅.၃၁ |
| ၁၆ | ဝင်းမြိုင် | ဦးဝင်းမြိုင် | ၂၅.၈၈ |
| ၁၇ | သိဒ္ဓိရွှေစင် | ဒေါ်ကြည်ကြည်ဝင်း | ၄၇.၃၄ |
| ၁၈ | အေးငြိမ်းမွန် | ဦးမြင့်ဝင်း | ၉၂.၃၄ |
| ၁၉ | အောင်နေလ | ဦးမြင့်သိန်း | ၃၄.၆၉ |
| ၂၀ | အမြဲမှန် | ဦးခွန်ယု | ၃၅.၆၃ |
| | **စုစုပေါင်း** | | **၁၀၆၀.၃၅** |

**မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ချိုရဲ | ဦးအေးကျန် | ၃၈.၈၁ |
| ၂ | ဂိုလ်းဝင်းနား | ဦးကျော်စိုး | ၁၁.၁၃ |
| ၃ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၆၇.၃၈ |
| ၄ | စိန်ဝါလင်း | ဦးစံလှ | ၂၁.၅၇ |
| ၅ | စိမ်းရတနာ | ဦးအေးကျန် | ၁၆.၈၈ |
| ၆ | ပြည့်ဖြိုးလင်းခိုင် | ဦးဘိုနီ | ၂၆.၀၀ |
| ၇ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၃၄.၅၅ |
| ၈ | ရွှေသီဟမြန်မာ | ဦးစန်းနိုင် | ၁၂.၃၉ |
| ၉ | ရွှေစိမ်းရောင် | ဦးလောက်စန်း | ၅၇.၄၈ |
| ၁၀ | ရှမ်းရိုးမအေးချမ်းရေး | ဦးစိုင်းမွန် | ၇.၇၃ |
| ၁၁ | ရွှေခြသေ့် | ဦးကျော်တင်ဝင်း | ၃.၇၅ |
| ၁၂ | ဝေယံဦး | ဦးတင်မျိုးနွယ် | ၈၂.၅၀ |
| ၁၃ | ဟောင်တာ | ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင် | ၂၀.၅၉ |
| ၁၄ | အောင်ရွှေငါး | ဒေါ်ရှောက်ထောက် | ၁၃.၁၃ |
| | **စုစုပေါင်း** | | **၄၁၃.၈၇** |

**မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ဆန်းလင်း | ဦးမြင့်ဦး | ၂၆.၈၈ |
| | **စုစုပေါင်း** | | **၂၆.၈၈** |

**မွန်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ပန်းပွင့် | ဦးဝင်းကြည် | ၂၂.၅၀ |
| ၂ | မိုးလွင် | ဒေါ်မိုးမိုးထွန်း | ၂၁.၇၇ |
| ၃ | ရွှေငွေရတနာကမ္ဘာ | ဒေါ်မြင့်မြင့်အေး | ၅၆.၂၅ |
| ၄ | အောင်နေလ | ဦးမြင့်သိန်း | ၁၄.၁၈ |
| | **စုစုပေါင်း** | | **၁၁၄.၇၀** |

**ရှမ်းပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျခီး | ဦးကျခီး | ၃၀.၅၀ |
| ၂ | ခုနစ်ခုသောရာစု | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၃ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၃.၁၃ |
| ၄ | ပြည့်ထွန်းရှိန် | ဦးထွန်းရှိန် | ၁၉.၀၀ |
| ၅ | မြန်မာထာဝရတည်တံ့သော | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၆ | ရွှေကွဲ | ဦးဇော်ဝင်း | ၈၆.၂၅ |
| ၇ | အောင်စစ်သွေး | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၈ | အောင်နိုင် | ဦးဘောစောချိန် | ၅၈.၇၅ |
| ၉ | ASA Mining | ဦးစိုင်းအောင်စိန် | ၇၆.၈၈ |
| | **စုစုပေါင်း** | | **၃၆၃.၈၈** |

**ဦးဆောင်ညွှန်ကြားရေးမှူး**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ

## နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုဟန်း (စ်) အန်ဒရီး ဘိုဟာ ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မေ ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျိုဟန်း (စ်) အန်ဒရီး ဘိုဟာ သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



### လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုဟန်း (စ်) အန်ဒရီး ဘိုဟာ အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နော်ဝေး၊ အင်္ဂလန်နှင့် ဒိန်းမတ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိမ်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီ၊ ကော်မရှင်များမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နော်ဝေး၊ အင်္ဂလန်နှင့် ဒိန်းမတ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိမ်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)


ယနေ့ သတင်းအညွှန်း

'တစ်ယောက်တစ်လက် ညီညာသော လက်များသည်သာ နိုင်ငံအတွက်အားများဖြစ်နိုင်။ ငါနှင့်မတူ ငါ့ရန်သူဟု စိတ်ဖြင့်၊ သူတစ်လူ ငါတစ်မင်း ထင်ရာစိုင်းချင်သောစိတ်ထား၊ မညီညွတ်သောလက်များသည် နိုင်ငံအတွက် အားမဖြစ်နိုင်'

မောင်ဆွေ၏
အားလုံးဝိုင်းကာ၊ ဝန်းကာဖြင့် တည်ဆောက်ကြပါမှ ...
အတွေးအမြင် စာမျက်နှာ ၉

၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ
ပြည်တွင်းသတင်း စာမျက်နှာ ၇

ရတနာပုံအသင်း လာမည့်ရာသီ စပွန်ဆာ ဒေါ်လာနှစ်သန်းရမည်ဟု အသင်းပိုင်ရှင်ဖွင့်ဟ
ပြည်တွင်းအားကစားသတင်း စာမျက်နှာ ၁၀

တိုက်လေယာဉ်မှူးများ၏ ဘဝနှင့် အချစ်ကို ဖော်ကျူးထားသည့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ရှုစားရမည့် ရိန်း၏ အက်ရှင်ဇာတ်ကားသစ်
နိုင်ငံတကာအနုပညာသတင်း စာမျက်နှာ ၈



ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိပါသည်။